# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအား ဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံ့ဝန်ထမ်းများအပါအဝင် အငြိမ်းစားဝန်ထမ်းများ၏ စား၊ ဝတ်၊ နေရေးအတွက် နိုင်ငံတော်မှ တတ်နိုင်သလောက် စီမံဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိ

## နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြစေလို

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အကောင်အထည်ဖော်

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ် စ ရာ**

**ဗြိတိန်နိုင်ငံ၏ လေဘာပါတီသည် ပါလီမန်တွင် အများစုအနိုင်ရရှိ** — နိုင်ငံတကာသတင်း | စာ ၁၃

**မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် တနိုင်းမြို့နှင့် ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်** — ပြည်တွင်းသတင်း | စာ ၁၅

**စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများနှင့် မြန်မာ့မျက်ပွင့် E-Library စာကြည့်တိုက်** — ဆောင်းပါး | စာ ၁၆

# မပြတ်ပြုစု၊ မြဲအောင်ထိန်းသိမ်း

သစ်ပင်သစ်တောများ တည်ရှိခြင်းသည် ရာသီဥတုကို မျှတကောင်းမွန်စေပြီး ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေနိုင်ခြင်းနှင့် ရေမြေသဘာဝအနေအထားတို့ကို ထိန်းသိမ်းကာကွယ်ပေးခြင်း စသည့်အကျိုးကျေးဇူးများ ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှု အများဆုံးနိုင်ငံများတွင် ပါဝင်လျက်ရှိရာ သစ်တောများ ပြန်လည်တည်ထောင်ရေးအတွက် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သစ်တောများဖုံးလွှမ်းမှု တစ်စတစ်စ လျော့နည်းလာခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ကြောင်း သိရသည်။ သစ်တောများ ပြုန်းတီးခြင်းသည် ရာသီဥတုပြောင်းလဲဆိုးရွားခြင်းနှင့်အတူ မြေဆီလွှာပျက်စီးပြုန်းတီးခြင်း၊ ရေအရင်းအမြစ်များ ပျက်စီးခန်းခြောက်ခြင်းနှင့် မြစ်၊ ချောင်းများ ညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ကွယ်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။ သစ်တောများ ပျက်စီးပြုန်းတီးခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များမှာ လူသားတို့၏ ရှင်သန်ရပ်တည်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုတို့အပေါ်တွင် ကြီးမားသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေရာ သဘာဝတောများကို မပျက်စီးမပြုန်းတီးစေရေးနှင့် သစ်တောများ ပြန်လည်တည်ထောင်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

“ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း၊ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင်သာမက သစ်တောမြေ ပြင်ပနေရာများဖြစ်သည့် ကျေးရွာများ၊ မြို့ပြများ ပတ်ဝန်းကျင်နေရာအသီးသီးတွင်လည်း ဒေသအလိုက် သင့်လျော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရန်၊ တောင်ထိပ်များတွင် သစ်ပင်မခုတ်ရန်နှင့် သစ်ပင်များ ထိန်းသိမ်းရန်၊ ဒီရေတောပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့် သစ်ပင်သစ်တော စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။” ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ အမျိုးသားသစ်တောကဏ္ဍ ရည်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းရေးနှင့် နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်အောင်မြင်ရေးအတွက် အများပြည်သူတို့ ပူးပေါင်းပါဝင်ကူညီကြရန်လိုသည်။

သစ်ပင်သစ်တောများက ဥတုရာသီကို ကောင်းမွန်မျှတစေရန် အကျိုးပြုသကဲ့သို့ စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်သည်လည်း လူသားတို့အား စိတ်နှလုံးချမ်းမြေ့ကြည်နူးမှုကို ဖြစ်ပေါ်စေသည်။ သိန်းနှင့်သန်းနှင့်ချီ၍ နှစ်စဉ်စိုက်ပျိုးခဲ့သော သစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေး စဉ်ဆက်မပြတ်ပြုစုပေးကြရန်နှင့် ရှင်သန်ဖြစ်ထွန်းနေပြီဖြစ်သည့် သစ်ပင်များ မပျက်မစီးစေရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

## မင်းဘူးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့ ရေနံချောင်းမြို့နယ်အတွင်း အထွေထွေရောဂါဝေဒနာလူနာများအား အခမဲ့ကွင်းဆင်းဆေးကုသပေးသွားမည်

ရေနံချောင်း ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ အထွေထွေရောဂါဝေဒနာလူနာများအား ရောဂါဝေဒနာခံစားရမှု သက်သာပျောက်ကင်းစေရန်အတွက် မင်းဘူးမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က ဇူလိုင် ၁၀ ရက်တွင် ရေနံချောင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ နယ်လှည့်ကွင်းဆင်း ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆေးကုသရာတွင် မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ အေးမြင့်ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများအဖွဲ့က ရေနံချောင်းမြို့နယ်အတွင်းရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးအကြော၊ သားဖွားမီးယပ်၊ ကလေး၊ ဓာတ်မှန်၊ ခွဲစိတ်၊ အထွေထွေ ဆေးကုသပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှ သိရသည်။

အခမဲ့ဆေးကုသပေးရာတွင် ရောဂါဝေဒနာအလိုက် ထိရောက်စွာ ဆေးကုသပေးနိုင်ရန်အတွက် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်ကျော်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဇူလိုင် ၆၊ ၇၊ ၈၊ ၉ ရက်တို့တွင် ပြင်ပလူနာဌာန၌ ကျန်းမာရေးကြိုတင်စစ်ဆေးစာရင်းကောက်ယူကာ အသိအမှတ်ပြုစာအုပ်များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများသိရှိစေရန် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မုတ်သုံလေ အားအသင့်အတင့်ရှိ

နေပြည်တော် ဇူလိုင် ၅

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ မိုး/ဇလ

## ဆု

✳ ကြာပွင့်လှလှ၊ သင်းချိုမြကို
သွယ်လျပျော့ပျောင်း၊ လက်ဆယ်ချောင်းဖြင့်
ခညောင်းဦးတင်၊ သုံးလူ့ရှင်ထံ
ပျိုစင်လုံမ ပူဇော်၏။

✳ တစ်တိုင်ဆီမီး၊ ထိန်ထိန်ညီးကို
စိုက်ပြီးညှိထွန်း၊ စိတ်ရည်ညွှန်း၍
လေးကျွန်းသခင်၊ ဘုရားရှင်ထံ
ပျိုစင်လုံမ ပူဇော်၏။

✳ ကန်ရေဆိပ်မှ
အေးမြကြည်လင်၊ သောက်ရေစင်ကို
ယုငင်ခပ်ထား၊ ငွေဖလားဖြင့်
ဝပ်တွားရှိသေ၊ မြတ်စိန္တေထံ
ပျိုစင်လုံမ ပူဇော်၏။

✳ ဆီမီးနှင့်ပန်း၊ သောက်ရေချမ်းကို
စိတ်ဝမ်းကြည်ဖြူ နေ့စဉ်လှူ၍
နိဗ္ဗူဆုကို ယူသည်လား။

✳ ဆီမီးနှင့်ပန်း၊ သောက်ရေချမ်းကို
စိတ်ဝမ်းကြည်ဖြူ တင်ကပ်လှူ၍
ချစ်သူဆုကို ချွေသည်လား။

✳ ဆီမီးနှင့်ပန်း၊ သောက်ရေချမ်းကို
စိတ်ဝမ်းကြည်သာ၊ ကပ်လှူပါ၍
ပညာဆုကို ပန်သည်လား။

✳ မဟုတ်ပါလေ ....
ထွေထွေကောင်းမှု၊ တောင်းသောဆုကို
သူ့တွက်မယူ၊ ကမ္ဘာသူတို့
လူချင်းမြတ်နိုး၊ ရန်မငြိုးဘဲ
မုန်းကြိုးကိုဖြတ်၊ ချစ်ကြိုးချည်အောင်
ချစ်ကြည်သမှု၊ ဆန္ဒပြုသည်
သူ့ဆု မြင့်မြတ်လှချေတကား။ ။

ကို(တက္ကသိုလ်)

## အသိပေးကြေညာခြင်း

အကြောင်းအမျိုးမျိုးကြောင့် အရေးယူခံရ၍ အလုပ်သမားဝန်ကြီးဌာနမှ ရာသက်ပန် ပိတ်သိမ်းခံထားရသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများအနေဖြင့် ဌာန၏ ယာယီရငွေစာရင်းသို့ ပေးသွင်းထားသည့် လိုင်စင်အာမခံစပေါ်ငွေများအား ပြန်လည်ထုတ်ယူခွင့်မရှိကြောင်းနှင့် အဆိုပါလိုင်စင်အာမခံစပေါ်ငွေများကို နိုင်ငံတော်ဘဏ္ဍာသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
နေပြည်တော်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၅

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ

## လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်း ရောက်ရှိ

နေပြည်တော် ဇူလိုင် ၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Hongqi EQM5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG Marvel R ၊ MG MG4 ၊ MGZS နှင့် Leapmotor T03 (Luxury) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gyi Group of Companies Limited. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် JAC E30X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Yuan Plus အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

❖*ရှေ့ဖုံးမှ*




တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

ဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံး အေးချမ်းစွာဖြင့် လုပ်ကိုင်နေထိုင်စားသောက်နိုင်ရေးတို့ပါဝင်ပြီး ကျယ်ပြန့်ပါကြောင်း။

**တိုင်းပြည်သာယာဝပြောရေး**

တိုင်းပြည်သာယာဝပြောရေးအတွက် လိုအပ်သည့် အပိုင်းကဏ္ဍအလိုက် တစ်ချက်ချင်းခွဲခြား ပြောကြားသွားမည်ဖြစ်ကြောင်း။

**လုံခြုံရေးပိုင်း**နှင့်ပတ်သက်၍ လုံခြုံမှုရှိသည့် ဒေသများရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် တရားဥပဒေစိုးမိုးမှုလျော့ပါးလျက်ရှိသည့် မြို့နယ်များနှင့်ဒေသများလည်းရှိကြောင်း၊ လူတစ်ဦးချင်း အနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက လုံခြုံရေးဆိုင်ရာကိစ္စများ အားကောင်းလာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ အဆင့်ဆင့်တို့တွင် လုံခြုံရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ သွားလာဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများအားလုံး အနေဖြင့် စနစ်တကျကြိုတင်ပြင်ဆင်ခြင်းနှင့် စနစ်တကျနေထိုင်ခြင်းများကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ကြမည်ဆိုပါက လုံခြုံရေးကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများ **ပညာရည်သင်ကြားရေး**နှင့်ပတ်သက်၍ ဘေးကင်းလုံခြုံစွာဖြင့် စိတ်အေးချမ်းသာစွာ သင်ယူနိုင်ရေး လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး အုပ်ချုပ်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းဖွင့်လှစ်၍ရသည့် ဒေသများ၌ ကျောင်းတက်ရောက်သူများ ရာနှုန်းပြည့် တက်ရောက်နိုင်ရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ လုံခြုံရေးအတွက် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျဝိုင်းဝန်းဆောင်ရွက်ပေးမည်ဆိုပါက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းနေရာခိုင်နှုန်းများနှင့် တန်းစဉ်ကူးပြောင်းမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးပိုင်းဆိုင်ရာများ တိုးတက်လာမည်ဆိုပါက ဒေသအလိုက်တိုးတက်ရေး၊ နိုင်ငံတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားမှု မပြုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

တိုင်းပြည်သာယာဝပြောရေးတွင် **ပတ်ဝန်းကျင်ကောင်းများဖန်တီး**ပေးရန်လည်းလိုကြောင်း၊ မြို့ရွာများအလိုက်၊ ဒေသအလိုက် လမ်းများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘုရားစေတီပုထိုးများ သန့်ရှင်းသာယာလှပမှုရှိနေစေရေး၊ ရေနုတ်မြောင်းများ၊ ချောင်းများ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အမြဲမပြတ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးပိုင်းဆိုင်ရာဝန်ထမ်းများ၏ ဆောင်ရွက်မှုများသာမက လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် နေထိုင်ကြသည့် ဒေသခံများ တစ်ဦးချင်းစီအလိုက် စည်းကမ်းရှိမှုဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာလျှင် ဒေသသာယာလှပမှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ စည်းကမ်းတကျဖြင့် အမှိုက်စွန့်ပစ်ခြင်း၊ မိမိတို့အိမ်၏ သန့်ရှင်းသာယာလှပမှုကို တာဝန်ယူဆောင်ရွက်ခြင်းဖြင့် အိမ်တစ်အိမ်ချင်းစီမှအစပြု၍ ဒေသအလိုက်၊ မြို့အလိုက် သန့်ရှင်းသပ်ရပ် သာယာလှပနေမည်ဖြစ်ကြောင်း၊ ထိုသို့ ဖြစ်ပေါ်လာစေရေးအတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံး အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြစေရေး တွန်းအားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ပတ်ဝန်းကျင်စိမ်းလန်းသာယာလှပစိုပြည်စေရေး**အတွက် သစ်ပင်ပန်းမန်များကိုလည်း စနစ်တကျစိုက်ပျိုးကြရန်လိုကြောင်း၊ မိမိတို့မြို့နယ်၊ ဒေသနှင့် ကိုက်ညီသည့် သစ်ပင်ပန်းမန်များ စိုက်ပျိုးရန်နှင့် လူနေရပ်ကွက်များရှိ ဝင်းခြံများအတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ **"ဝင်းခြံရှိလျှင် သစ်ပင်ရှိရမည်"** ဆိုသည့်အတိုင်း အိမ်ဝင်းတိုင်း သစ်ပင် ပန်းမန်ရှိရန်လိုပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျှင် ပတ်ဝန်းကျင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ မြို့ပတ်ဝန်းကျင်စိမ်းလန်းသာယာလှပစိုပြည်ရေးကို ဆောင်ရွက်သွားရန်လိုသကဲ့သို့ ကျေးရွာများအလိုက်လည်း အရိပ်ရလေကာပင်များနှင့်ထင်းစိုက်ခင်းများကို စနစ်တကျဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် ဒေသအလိုက် လမ်းမကြီးများ ဥပဒေနှင့်အညီ လမ်းအင်္ဂါရပ်များအတိုင်း စနစ်တကျရှိရန်၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ အမှတ်အသားများ မှန်ကန်စွာ ရေးဆွဲထားရှိရန်လိုကြောင်း၊ မိမိတို့တာဝန်ကျရာ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာစိမ်းစိုလှပရေးနှင့် စည်းကမ်းတကျဖြစ်စေရေးတို့အတွက် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို အမြဲမပြတ် စဉ်းစားဆောင်ရွက်နေကြရန် လိုကြောင်း။

**စားရေရိက္ခာဖူလုံပေါများရေး**

စားရေရိက္ခာဖူလုံပေါများရေးနှင့် ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မိမိတို့နိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်ပြီး ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှု မရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ရှိပြီးသားစိုက်ပျိုးရေးထုတ်ကုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏ စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းဆီဖူလုံမှု**နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ပဲပုပ်တို့ကို အများစုစိုက်ပျိုးကြကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ အလားတူ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရန် ခွင့်ပြုပေးထားသည့် မြေများကို စနစ်တကျဖြင့် အသုံးချရန်လိုကြောင်း၊ စားအုန်းဆီများကို စက်မှုလုပ်ငန်းများတွင်လည်း အသုံးပြုလျက်ရှိကြောင်း၊ ရှိပြီးဖြစ်သည့် ဆီအုန်းပင်များမှ ဆီသီးခိုင်အထွက်နှုန်း ကောင်းစေရေး နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်လိုကြောင်း၊ စားအုန်းဆီအထွက်နှုန်းများ ပိုမိုတိုးတက်စေရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် **အခြေခံစားကုန်ပစ္စည်းများတွင် မဖြစ်မနေလိုအပ်သည့် အာလူး၊ ကြက်သွန်၊ ငရုတ်၊ ခရမ်းချဉ်နှင့်**

*စာမျက်နှာ ၄ သို့*

◆ **ကျောင်းသား၊ ကျောင်းသူများ ပညာရည်သင်ကြားရေးနှင့်ပတ်သက်၍ ဘေးကင်းလုံခြုံစွာဖြင့် စိတ်အေးချမ်းသာစွာ သင်ယူနိုင်ရေး လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး အုပ်ချုပ်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လို၊ ကျောင်းဖွင့်လှစ်၍ရသည့် ဒေသများ၌ ကျောင်းတက်ရောက်သူများ ရာနှုန်းပြည့် တက်ရောက်နိုင်ရန်လို**

◆ **ကျောင်းနေရာခိုင်နှုန်းများနှင့် တန်းစဉ်ကူးပြောင်းမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိစေရေး ဆောင်ရွက်ကြရမည်၊ ပညာရေးပိုင်းဆိုင်ရာများ တိုးတက်လာမည်ဆိုပါက ဒေသအလိုက်တိုးတက်ရေး၊ နိုင်ငံတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

အခြားသီးနှံများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖူလုံမှုရှိအောင်ဆောင်ရွက်ရန် လိုကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိပါက ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး မိမိတို့နိုင်ငံမှထွက်ရှိသည့် အခြေခံစားကုန်သီးနှံများကို ဝယ်ယူလိုသည့် ပြည်ပဈေးကွက်လိုအပ်ချက်များ များစွာရှိပြီးဖြစ်သည့်အတွက် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာပြုလုပ်၍ ကျွေးမွေးနိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းသည် ဆက်စပ်လျက်ရှိပြီး မိမိတို့သိရှိခြင်း မရှိသေးသည့် မွေးမြူရေးနည်းစနစ်များ၊ ကျွေးမွေးမှုနည်းစနစ်များကို စဉ်ဆက်မပြတ်လေ့လာခြင်းဖြင့် မွေးမြူရေးအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံ့ GDP တိုးတက်ရေးနှင့်ဆက်စပ်မှုများ** ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး ဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိကြောင်း၊ ယင်းတို့သည် ထုတ်ကုန်ပစ္စည်းများဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများကို အခြေခံ၍ စက်မှုကဏ္ဍကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စက်မှုကဏ္ဍမှ ထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများကို ရောင်းချခြင်း၊ သယ်ယူခြင်း၊ ငွေပေးချေခြင်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုခြင်းစသည်တို့ဖြင့် ဝန်ဆောင်မှုကဏ္ဍကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍကြီး သုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်စေရေး ကွဲပြားသည့် အခြေခံများလည်းရှိပြီး ယင်းအခြေခံအချက်များ တိုးတက်ရန် အလေးထား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ပေးခြင်းဖြစ်ပြီး ဒေသအလိုက် ဦးဆောင်သူများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့

❍ **အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးရေး မွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်**

❍ **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်စေရေး ကွဲပြားသည့် အခြေခံများလည်းရှိပြီး ယင်းအခြေခံအချက်များ တိုးတက်ရန် အလေးထား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေအောင် ဆောင်ရွက်ရမည်**

အနေဖြင့် မူဝါဒချမှတ်ပေးရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရှိစေရေးအတွက်လည်း ကြပ်မတ်ပေးရန် တာဝန်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မိမိတို့ ချမှတ်ထားသည့် မူဝါဒနှစ်ရပ်သည်လည်း အရှိန်ရလာမည်ဖြစ်ကြောင်း။

### လုပ်ငန်းဆောင်ရွက်မှုကဏ္ဍအလိုက် မှတ်တမ်းများ စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရန်

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကာလတစ်လျှောက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်ပြောင်းလဲမှု ဖြစ်ပေါ်စေရန် လုပ်ဆောင်ခဲ့သည်များ၊ တိုးတက်မှုများ၊ နိုင်ငံတော်အတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သူရှိကြောင်း၊ ဥပမာအားဖြင့် မိမိတို့အစိုးရလက်ထက်တွင် နေပြည်တော်၌ Naypyitaw State Academy၊ နေပြည်တော် နည်းပညာတက္ကသိုလ်နှင့် အခြား တံတားများ၊ လမ်းများကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ထို့အပြင် အကြမ်းဖက်ဖျက်ဆီးမှုနှင့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးနစ်နာမှုများကိုလည်း မှန်မှန်ကန်ကန်ဖြင့် စာရင်းပြုစုမှတ်တမ်းထားရှိရန်လိုကြောင်း၊ မှတ်တမ်းများသည် သမိုင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မှတ်တမ်းမှတ်ရာများ ရေးမှတ်မှုအားနည်းသဖြင့် အချို့သမိုင်းမှတ်တမ်းများသည် ပျောက်ပျက်မှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် မှတ်တမ်းတင်ပြုစုသည့် အလေ့အကျင့်ကို အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

လုံခြုံရေးနှင့် ပတ်သက်၍လည်း အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ ဌာနအလိုက် လုံခြုံရေးဆိုင်ရာအချက်အလက်များ မပေါက်ကြားစေရန် အလေးထား ဆောင်ရွက်စေလိုကြောင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ ပေါက်ကြားအောင် ပြုလုပ်သူများကိုလည်း ဖော်ထုတ်၍ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကျောင်းသားလူငယ်များ စာဖတ်ခြင်းအလေ့အကျင့်ကောင်းများ ဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းစာဖတ်ခြင်းမှတစ်ဆင့် အသိပညာကောင်းများ ရရှိလာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်လိုသည့် အပြုသဘောဆောင်သည့် စိတ်ဓာတ်များ ရရှိလာမည်ဖြစ်ကြောင်း။

**နိုင်ငံ့အရေးကို စိတ်ဝင်စားသည့် လူငယ်များ၊ လုပ်ငန်းရှင်များရှိ**ကြောင်း၊ ၎င်းတို့ကို လက်တွဲခေါ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်များနှင့် ပတ်သက်၍ ဘဏ်စနစ်ကို ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဖွင့်လှစ်ထားသည့် ဘဏ်များကိုလည်း စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ဥပဒေကို ကျော်လွန်၍ လုပ်ဆောင်မှုများရှိပါက နိုင်ငံ့စီးပွားရေးအတွက် အန္တရာယ်ရှိသဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**INGO၊ NGO များ**နှင့်ပတ်သက်၍လည်း အသင်းအဖွဲ့များစည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူမှုအဖွဲ့အစည်းများကို အကြောင်းပြကာ စည်းကမ်းဖောက်ဖျက်မှုများရှိသဖြင့် INGO၊ NGO နှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ **ပြည်ပနှင့်ပတ်သက်သည့် ကိစ္စရပ်များ**တွင် မိမိတို့အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ပေါ်တွင် အခြေခံ၍ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများနှင့်နယ်နိမိတ်ထိစပ်နေသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဆက်ဆံဆောင်ရွက်နေရသည့် ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် ဆက်ဆံဆောင်ရွက်ရန် လိုအပ်ကြောင်း။

### ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလဆန်းမှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ဆောင်၍ရသည့်နေရာတိုင်း၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ဆောင်ရန် ကန့်သတ်ချက်ရှိသည့် နေရာများ၌လည်း အဖြစ်နိုင်ဆုံးကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာသွားသူများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းဇယားကောက်ယူစိစစ်ရမည် ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှသာ မဲစာရင်းများပြုစုရာတွင် မှန်ကန်မှုရှိမည်ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးမှသာ မဲစာရင်းပြုစုခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူများအပါအဝင် အရွယ်ရောက်ပြီးသူများအားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲ ဥပဒေတို့နှင့်ပတ်သက်၍ သိရှိစေရေး၊ ဥပဒေနှင့် အကျွမ်းတဝင်ဖြစ်စေရေးအတွက်လည်း အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြို့ပြစီမံကိန်းများနှင့် ပတ်သက်၍လည်း မှတ်တမ်းထားရန်လည်း လိုအပ်ကြောင်း၊ ယခင်နှစ်များက မြို့ပြစီမံကိန်းများကို ပြည်ပနိုင်ငံများ၏ အကြံဉာဏ်များဖြင့် ဆောင်ရွက်ကြကြောင်း၊ စီမံကိန်းများ၊ မြေယာနှင့် မြေလွတ်မြေရိုင်းအသုံးချမှုများကိုလည်း တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မြို့နယ်၊ ခရိုင်အလိုက် ဆောင်ရွက်နေသည့် စီမံကိန်းများကို ကွင်းဆင်းစိစစ်ရန်လိုအပ်ကြောင်း၊ မြို့ရွာစီမံကိန်းများကို စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အဆင့်ဆောင်ရွက်ရန် အခမ်းအနားကြီးနှစ်ခုရှိကြောင်း၊ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲနှင့် အမျိုးသားအားကစားပြိုင်ပွဲများကို နိုင်ငံတော်အဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားအားကစားပြိုင်ပွဲကျင်းပရာတွင်လည်း ခမ်းနားထည်ဝါမှုထက် အရည်အသွေးရှိရှိ၊ အဆင့်အတန်းရှိရှိ ယှဉ်ပြိုင်ကစားနိုင်သော အားကစားပြိုင်ပွဲဖြစ်စေလိုကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ဦးတည်ဆောင်ရွက်သော လုပ်ငန်းဖြစ်၍ ရည်မှန်းချက်ဖော်ဆောင်နိုင်ရေးကို အဓိကထားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမားများအနေဖြင့် အဆင့်အတန်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အခမ်းအနား ကျင်းပသည်ဆိုသည်ထက် အနှစ်သာရရှိသည့် အားကစားသမားများ၏ ယှဉ်ပြိုင်မှု အရည်အသွေးကို ဖော်ပြနိုင်ရန်ဖြစ်ကြောင်း၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲသည် မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းရန်နှင့် အမျိုးသားရေးစရိုက်လက္ခဏာကို ဖော်ကျူးရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ၎င်းကိစ္စနှစ်ရပ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်သော ပြိုင်ပွဲဖြစ်ရန်လိုကြောင်း၊ မကြာမီ ဗုဒ္ဓဘာသာဝင်များအလေးအမြတ်ထားသည့် ဝါတွင်းကာလရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ဝါတွင်းအခါသမယတွင် ဆရာတော်၊ သံဃာတော်များ စိတ်ချမ်းမြေ့စွာဖြင့် သီတင်းသီလ ဆောက်တည်နိုင်ရန်အတွက် ဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အငြိမ်းစားဝန်ထမ်းများ၏ စား၊ ဝတ်၊ နေရေးအတွက် နိုင်ငံတော်မှ တတ်နိုင်သလောက် စီမံဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ခန့်အပ်ရာတွင်လည်း လိုအပ်သည့်နေရာများတွင်သာ စိစစ်ခန့်အပ်စေလိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ဖြင့် အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ **နိုင်ငံ့အရေးကို စိတ်ဝင်စားသည့် လူငယ်များ၊ လုပ်ငန်းရှင်များရှိ၊ ၎င်းတို့ကို လက်တွဲခေါ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်**

❖ **ဘဏ်များနှင့် ပတ်သက်၍ ဘဏ်စနစ်ကို ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖွင့်လှစ်ထားသည့် ဘဏ်များကိုလည်း စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်ရန်လည်းလိုအပ်**

❖ **ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဖြစ်သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလဆန်းမှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည်

## နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တောသစ်ပင်များနှင့် စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာလှပစေရန် အားလုံးပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၅

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Polytechnic University ပရဝဏ်အတွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိက ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင်နေပြည်တော် နည်းပညာတက္ကသိုလ်ကို အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင် အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရေးအတွက် အဆင့်မြင့်နည်းပညာများ သင်ကြားပို့ချပေးနိုင်ရေး စသည့်ရည်မှန်းချက်များဖြင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် စတင်တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး အင်ဂျင်နီယာအထူးပြုဘာသာရပ် (၇)ခုကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

နေပြည်တော် နည်းပညာတက္ကသိုလ် တစ်ခုတည်းဖြင့် ပြည့်စုံလုံလောက်မှုမရှိဟု ယူဆသည့်အတွက် Naypyitaw State Polytechnic University အသစ်တည်ဆောက်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြင်တွေ့ရသည့်အတိုင်း လာမည့်ပညာသင်နှစ်တွင် Naypyitaw State Polytechnic University အဖြစ် အင်ဂျင်နီယာ ဘာသာရပ်များအပြင် ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကိုပါ တိုးချဲ့သင်ကြားနိုင်ရေးလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

**အနားယူအပန်းဖြေနိုင်စေရေး**

ထို့ကြောင့်လည်း ယခုကဲ့သို့ဂုဏ်ယူဝင့်ကြွားဖွယ်ရာ တက္ကသိုလ်ကြီးတွင် တက္ကသိုလ်များ၏ အင်္ဂါရပ်များနှင့်အညီ စိမ်းလန်းစိုပြည်သာယာလှပသည့် ပရဝဏ်ဖြစ်စေရေး၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ စိတ်လက်ကြည်လင်ပြီး အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေး၊ ရာသီဥတုသာယာမျှတစေရေး၊ သစ်ပင်သစ်တော စိုက်ပျိုးပြုစုထိန်းသိမ်းရေးတွင် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေးနှင့် တီထွင်ဆန်းသစ်သည့် အင်ဂျင်နီယာနည်းပညာများဖြင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်စေရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ယခုသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**စိုက်ပျိုးပြုစုထိန်းသိမ်း**

ကမ္ဘာ့လူသားအားလုံးအတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုဘဝ သာယာဝပြောရေးတို့အတွက် သစ်ပင်သစ်တောများသည် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေကြောင်း၊ သစ်တောများကို စိုက်ပျိုးပြုစုထိန်းသိမ်းကြရာတွင် ယနေ့ခေတ် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဆန်းသစ်မှုများကို သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အကျိုးရှိအောင် ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုပါက သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်ပြီး နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း။

ဥပမာအားဖြင့် သစ်တောအခြေပြုနည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများ

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပျိုးပင်များ စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပျိုးပင်များ စိုက်ပျိုးပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Polytechnic University ပရဝဏ်အတွင်းရှိ ရှုခင်းသာရင်ပြင်(View Point) နေရာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ဖွံ့ဖြိုးလာခြင်းကြောင့် ပလတ်စတစ် သုံးစွဲမှုအစား ဇီဝဖြစ်စဉ်အတိုင်း ဆွေးမြည့်နိုင်သည့် (Biodegradable) သစ်တောထွက်ပစ္စည်းများဖြင့် အစားထိုးအသုံးပြုလာနိုင်ခြင်း၊ လူသားများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ဘက်ထရီများတွင်ပါရှိသည့် မြေရှားသတ္တုများနေရာတွင် သစ်တောထွက် ဓာတုဓာတ်ပေါင်းများဖြင့် အစားထိုးလာနိုင်ခြင်း၊ ကမ္ဘာ့အဝတ်အထည်စက်ရုံများအတွက် သစ်ပင်၊ ဝါးပင်များမှ ထုတ်လုပ်သည့် ချည်မျှင်ရှည်(long fiber) များ အသုံးပြုလာနိုင်ခြင်း စသည့်တီထွင်ဆန်းသစ်အောင်မြင်မှုများကို တွေ့မြင်နိုင်ကြောင်း။

**ထုတ်ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်လာနိုင်**

ထို့အပြင် နည်းပညာတီထွင်ဆန်းသစ်မှုနှင့် သစ်တောထွက်ပစ္စည်းများကို ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်များအပါအဝင် လူသားများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးရေးတို့အတွက် ရေရှည်ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်သည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ကျယ်ပြန့်စွာ ထုတ်လုပ်လာနိုင်ခဲ့ပြီဖြစ်ကြောင်း။

အင်ဂျင်နီယာပညာရပ်ကို ဇီဝဗေဒ၊ ဓာတုဗေဒ၊ ဂေဟဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ၊ ဇလဗေဒ စသည့်ဘာသာရပ်များနှင့်ပေါင်းစပ်ပြီး လေ့လာသင်ယူရသည့် Environmental Engineering ဘာသာရပ်သည် ပတ်ဝန်းကျင်အရည်အသွေးများ မြှင့်တင်ပေးရန်အတွက် အထူးအရေးပါသည့် ပညာရပ်အဖြစ် ကျယ်ပြန့်စွာ လေ့လာသင်ယူ လာကြပြီဖြစ်ကြောင်း၊ သစ်တောကဏ္ဍတွင် မျိုးကောင်းမျိုးသန့်ပျိုးပင်များထုတ်လုပ်ရေး၊ ရေဝေရေလဲဒေသစီမံအုပ်ချုပ်ရေး၊ သစ်ပင်သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ရေနှင့် မြေဆီလွှာများ ထိန်းသိမ်းရေး စသည့် လုပ်ငန်းနယ်ပယ်များတွင် Environmental Engineering ပညာသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် သစ်ပင်ပေါင်း ၂၂ ဒသမ ၃၃၂ သန်း စိုက်ပျိုးတည်ထောင်သွားမည် ဖြစ်ကြောင်း၊ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင်သာမက သစ်တောမြေပြင်ပနေရာများဖြစ်သည့် ကျေးရွာများ၊ မြို့ပြများ ပတ်ဝန်းကျင်နေရာအသီးသီးတွင်လည်း ဒေသအလိုက် သင့်လျော်သည့် အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ သစ်ပင်သစ်တောများ ထိန်းသိမ်းရန်၊ မြစ်၊ ချောင်းတစ်လျှောက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်၊ တောင်ထိပ်များတွင် သစ်ပင်မခုတ်ရန်နှင့် သစ်ပင်များ ထိန်းသိမ်းရန်၊ ဒီရေတောပင်များစိုက်ပျိုးတည်ထောင်ရန် စသည့်သစ်ပင်သစ်တော စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အာဆီယံလမ်းမကြီးများ ဘေးဝဲယာ၊ အမြန်လမ်းမကြီး ဘေးဝဲယာနှင့် ရထားလမ်းများ ဘေးဝဲယာများတွင်လည်း သစ်ပင်များ စဉ်ဆက်မပြတ် စိုက်ပျိုးပြုစုထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့ရန်နှင့် မြေအောက်ရေ ထိန်းသိမ်းနိုင်ရန်အတွက် ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု မဖြစ်မနေလိုအပ်ခြင်းကြောင့် အတူတကွ ပါဝင်ဆောင်ရွက်ကြရန် အလေးထား မှာကြားလိုကြောင်း။

**❖ နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် Green City ၊ Clean City ၊ Smart City ဖြစ်စေရေး အလေးထား ဆောင်ရွက်လျက်ရှိ**

**❖ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန်ရည်ရွယ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အဆင့်မြင့်ကျွမ်းကျင်အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရန်အတွက် ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် တည်ထောင်ဖွင့်လှစ်မည့် Naypyitaw State Polytechnic University ၏ ကျောင်းပရဝဏ်နှင့် ပတ်ဝန်းကျင်တွင် မျက်စိပသာဒဖြစ်စေပြီး သင်းရနံ့မွှေးပျံ့သည့် သစ်ပင်ပန်းပင်များနှင့် အမြဲတမ်းစိမ်းလန်းစိုပြည်သာယာလှပစေရန်၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်တောသစ်ပင်များနှင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်တို့အတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်**

**အစီအစဉ်တကျစိုက်ပျိုးသွားမည်**

ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မျိုး ၁၀ မျိုး၊ အပင် ၁၄၂၆ ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပရဝဏ်နှင့် လိုက်ဖက်ပြီး ရာသီအလိုက် ဖူးပွင့်ပြီး ရနံ့သင်းပျံ့သည့် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက်သစ်မျိုးများကို အစီအစဉ်တကျ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း။

စိုက်ပျိုးပြီး နောက်ပိုင်းတွင်လည်း ရာသီအလိုက်ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများဖြစ်သည့် မြေဆွခြင်း၊ ပေါင်းရှင်းခြင်း၊ မီးဘေးကာကွယ်ခြင်း၊ မြေအစိုဓာတ်ထိန်းသိမ်းခြင်း၊ ကျွဲနွားတိရစ္ဆာန်များ ဖျက်ဆီးခြင်းမရှိအောင် ကာကွယ်ခြင်း စသည့်ပြုစုထိန်းသိမ်းမှု လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြမှသာ စိုက်သမျှအပင်များ ကောင်းမွန်စွာ ရှင်သန်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လည်း မိမိတို့ကျောင်းပရဝဏ်နှင့် ပတ်ဝန်းကျင် အစဉ်ထာဝရ စိမ်းလန်းစိုပြည်လှပနေစေရန် “ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း” ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။



Naypyitaw State Polytechnic University ၏ သုံးထပ်ပင်မစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံ၏ မြို့တော်ဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် Green City ၊ Clean City ၊ Smart City ဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ကို ပညာရေးမြို့တော်ဖြစ်လာစေရန်ရည်ရွယ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အဆင့်မြင့်ကျွမ်းကျင်အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရန်အတွက် ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် တည်ထောင်ဖွင့်လှစ်မည့် Naypyitaw State Polytechnic University ၏ ကျောင်းပရဝဏ်နှင့် ပတ်ဝန်းကျင်တွင် မျက်စိပသာဒဖြစ်စေပြီး သင်းရနံ့မွှေးပျံ့သည့် သစ်ပင်ပန်းပင်များနှင့် အမြဲတမ်းစိမ်းလန်းစိုပြည် သာယာလှပစေရန်၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်း

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

သစ်တောသစ်ပင်များနှင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်တို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံအဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ သစ်တောသယံဇာတများအပါအဝင် နိုင်ငံ၏ သဘာဝသယံဇာတများကို ခေတ်မီသည့် သိပ္ပံနှင့်နည်းပညာတီထွင်မှုများဖြင့် ပေါင်းစပ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်း အသုံးချနိုင်ရေးတို့ကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ဦးဆောင်စိုက်ပျိုးပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကံ့ကော်ပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် နေပြည်တော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက် စသည့် သစ်မျိုး ၁၀ မျိုး၊ အပင် ၁၄၂၆ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါ၍ Naypyitaw State Polytechnic University ပရဝဏ်အတွင်းရှိ ရှုခင်းသာရင်ပြင်(View Point) နေရာဆောင်ရွက်ထားရှိမှုများ၊ သုံးထပ် ပင်မစာသင်ဆောင်အပါအဝင် ဝန်ထမ်းအိမ်ရာများ၊ စာသင်ဆောင်များ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူအဆောင်များ၊ အားကစားကွင်းများ၊ စာကြည့်တိုက်နှင့် အခြားသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုအဆောက်အဦများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ သုံးထပ်ပင်မစာသင်ဆောင်အတွင်း စာသင်ခန်းများ၊ စုဝေးခန်းမများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Polytechnic University သုံးထပ်ပင်မစာသင်ဆောင်အတွင်း စာသင်ခန်းများ ကြည့်ရှုစစ်ဆေးစဉ်။**

✻ *ကျောဖုံးမှ*

ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် တရုတ်နိုင်ငံမှလည်း ထောက်ခံအားပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ တက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း ကျေးလက်လမ်းများ ပိုမိုကောင်းမွန်စေရေးကွင်းဆင်းဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၅**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေ ၂၀၂ ဒသမ ၅၅ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော လူထုရှေ့ဆောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့်ကျောက်ဆည်-တံတားဦး လမ်းမှ ငါးလုံးကုန်း ကျေးရွာ အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)မှ မြို့နယ်တာဝန်ခံ၊ တာဝန်ခံ QC တို့နှင့် ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါလမ်းမှာ မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး စုစုပေါင်းလမ်း အရှည်မှာ (၀/၄)မိုင်ရှိကြောင်း သိရသည်။

**မောင်မွေး**

# ညောင်လေးပင်၌ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ကျောင်းသား ကျောင်းသူများအား အာဟာရတိုက်ကျွေး

**ညောင်လေးပင် ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ်၌ ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် (၁၀၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမ ဦးစီးဌာနနှင့် မြို့နယ်အသင်းစုတို့ ပူးပေါင်း၍ ဘုန်းတော်ကြီးသင် ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား အာဟာရ တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးသည်။



ဦးစွာ ပါဠိသိပ္ပံဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဒက္ခိဏာရာမအသောကာရုံတောင်ကျောင်းတို့မှ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် စာပေပညာများ ပို့ချပေးလျက်ရှိသည့် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၀ အား အာဟာရများ တိုက်ကျွေးကာ စာရေးကိရိယာများ လှူဒါန်းကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ကျင်းပ



ရန်ကုန် ဇူလိုင် ၅

**အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပသည်။**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်၊ ပဓာနနာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကိုဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

**ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၉ တွင် သီးခြားဖော်ပြထားပါသည်)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာ့ဦးသျှောင် မဟာထေရ်ကြီးများနှင့် သံဃာတော်ထေရ်ရှင်အများက သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူသော ဗလငါးတန်အရင်းခံလျက် တာဝန်ကျေပွန်စွာ လက်ဆင့်ကမ်း ဆောင်ရွက်တော်မူလာခဲ့ကြသဖြင့် မြန်မာနိုင်ငံတော်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်စစ်စစ် နေလို လလို ထွန်းလင်းတောက်ပနေကြောင်း၊ ဗုဒ္ဓ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် သာသနာ့ဦးသျှောင် မဟာထေရ်မြတ်များက ရှေ့ဆောင်ဦးရောက် စောင့်ရှောက်တော်မူနေကြသကဲ့သို့ နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ကလည်း ဆရာဒကာ ညီညာလက်ယှက် ကိုင်းဖက်ကျွန်းမှီ ရှေ့သွားညီအောင် ဖြူကြည်သဒ္ဓါ စေတနာဖြိုး၊ ပံ့ပိုး ထောက်ပင့် ချီးမြှင့်ပူဇော်လျက်ရှိကြပါကြောင်း လျှောက်ထားသည်။ (အပေါ်ပုံ)

ယင်းနောက် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒာစရိယက တင်သွင်းလျှောက်ထားပြီး အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တသူရိယကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် အဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး၊ ပထမနေ့၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) + ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

# အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၇/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၅**

နိုင်ငံခြားရေး ဝန်ကြီးဌာနက ဖွင့်လှစ်ပို့ချခဲ့သည့် အဆင့်မြင့် သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၇/၂၀၂၄) နေပြည်တော်တန်းခွဲနှင့် ရန်ကုန်တန်းခွဲတို့၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်ရှိလောကနတ်ခန်းမနှင့် ရန်ကုန်ရှိ ဝန်ဇင်းမင်းရာဇာခန်းမတို့၌ တစ်ပြိုင်တည်း ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးက နေပြည်တော်၌ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခ ဆရာကြီး ဆရာမကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆင့်မြင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၇/၂၀၂၄) ကို နိုင်ငံခြားရေး ဝန်ကြီးဌာန (နေပြည်တော်) နှင့် (ရန်ကုန်) တို့တွင် တန်းခွဲနှစ်ခုဖြင့် မေ ၁၃ ရက်မှ ဇူလိုင် ၅ ရက်အထိ ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၉ နာရီအထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း တက်ရောက်အောင်မြင်ပြီးသူ အစိုးရအဖွဲ့အစည်းအသီးသီးနှင့် ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများနှင့် ပြင်ပ ပုဂ္ဂလိကနယ်ပယ်အသီးသီးမှ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များကို စိတ်ပါဝင်စားသူများ စုစုပေါင်း ၁၀၈ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ၊ နိုင်ငံတကာဥပဒေများ၊ စီးပွားရေးဆိုင်ရာများ၊ အထွေထွေဗဟုသုတဆိုင်ရာများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူများက မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ လုံခြုံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုများကို အဖွဲ့လိုက် သုတေသနစာတမ်းများ ပြုစုရေးသား၍ ဖတ်ကြားတင်ပြခြင်းများကို လက်တွေ့လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြို့သစ်မြို့နယ်၌ သွင်းအားစုထောက်ပံ့ပေးအပ်ပွဲနှင့် နှမ်းရိုးအခြေခံ သဘာဝမြေဩဇာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြ

**မကွေး ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ တောင်သူများအား သွင်းအားစုထောက်ပံ့ပေးအပ်ပွဲနှင့် နှမ်းရိုးအခြေခံသဘာဝမြေဩဇာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၃ ရက်က မြေပြင်သာကျေးရွာ စိတ္တာသုခဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်းက အသင်းအချင်းချင်း ပံ့ပိုးချေးငွေဖြင့် အသင်းသားတောင်သူ ၅၇ ဦး၏ စိုက်ဧက ၁၀၄ ဧက အတွက် ဝါမျိုး RAKA 666 ၁၀၄ အိတ်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၅ ဒသမ ၈၄၅ သန်းအား ထောက်ပံ့ပေးအပ်ပြီး နှမ်းရိုးအခြေခံ သဘာဝမြေဩဇာထုတ်လုပ်မှုနှင့် EM (Effective Microorganism) ဖော်စပ်နည်း၊ အသုံးပြုမည့်အချိန် အသင့်သုံး EM အဖြစ် ပြုလုပ်နည်း၊ အသင့်သုံး EM ဖြင့် နှမ်းရိုး သဘာဝမြေဩဇာပြုလုပ်နည်း၊ သီးပင်၊ စားပင်၊ သီးနှံများအတွက် EM အသုံးပြုနိုင်သည့်နည်းများ၊ နှမ်းရိုး သဘာဝမြေဩဇာ အသုံးပြုပုံနှင့် အကျိုးရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ထမ်းများက EM ပြုလုပ်နည်း အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ **ဇော်ဘိ**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ ၏ သာရဏီယ ဩဝါဒကထာ



**ဆရာတော် အရှင်မြတ်တို့ဘုရား**

ဘုရားတပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လာခဲ့ကြသည်မှာ ပထမသက်တမ်း(၅)နှစ်၊ ဒုတိယသက်တမ်း(၅)နှစ်၊ တတိယသက်တမ်း(၅)နှစ်၊ စတုတ္ထသက်တမ်း(၆)နှစ်၊ ပဉ္စမသက်တမ်း(၆)နှစ်၊ ဆဋ္ဌမသက်တမ်း (၆)နှစ်၊ သတ္တမသက်တမ်း (၆)နှစ်ရှိခဲ့ပြီး ယခု အဋ္ဌမသက်တမ်းသည်လည်း (၆)နှစ် ပြည့်ကာနီးဖြစ်၍ ရှေ့လာမည့်နှစ်တွင် သက်တမ်းအသစ်များဆီသို့ ချင်းနင်းဝင်ရောက်တော့မည်ဖြစ်ပါသည်ဘုရား။ ယင်းသို့နှစ်ပေါင်းများစွာဆောင်ရွက်လာခဲ့ကြသည့် တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် အဖွဲ့အစည်းကြီး ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို မျက်ခြည်မပြတ်ရန် လိုအပ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း(၂)၊ အပိုဒ်-၁၂ တွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို အပိုဒ်ခွဲ(က)မှ အပိုဒ်ခွဲ (ဆ)အထိ (၇)ချက် ပြဋ္ဌာန်းထားပါသည်ဘုရား။ ထို (၇)ချက်တို့တွင် အရေးကြီးသောအချက်များကို ထုတ်နုတ်လျှောက်ထားလိုပါသည်ဘုရား။

အပိုဒ်ခွဲ(က)တွင် "သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန်ဖြစ်သည်"ဟု ပြဋ္ဌာန်းခဲ့ရာ(က-၁)သာသနာတော်သန့်ရှင်းရန်၊ (က-၂) သာသနာတော်တည်တံ့ရန်၊ (က-၃)သာသနာတော်ပြန့်ပွားရန်ဟု လိုရင်းပြဋ္ဌာန်းချက် (၃)ရပ်အားဖြင့် ခွဲခြားနိုင်ပါသည်ဘုရား။ (က-၁) ဖြစ်သည့် သာသနာတော်သန့်ရှင်းရန်အတွက် မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို သန့်ရှင်းအောင် ဆောင်ရွက်တော်မူခဲ့ကြသည့် အရှင်မဟာကဿပ၊ အရှင်မဟာယသ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အစရှိသော သံဃာ့ပိတာမထေရ်ကြီးအဆက်ဆက်တို့ကဲ့သို့လည်းကောင်း၊ အဇာတသတ်မင်း၊ ကာလာသောကမင်း၊ သိရီဓမ္မာသောကမင်းစသော သာသနဒါယကာ မင်းကောင်းမင်းမြတ်တို့ကဲ့သို့လည်းကောင်း သာသနာ့အကျိုး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။

မျက်မှောက်ခေတ် သာသနာတော်တွင် သာသနာတော်မြတ်ကြီးဂုဏ်သိက္ခာနိမ့်ကျ ညှိုးနွမ်းဆုတ်ယုတ်သွားစေရန် သာသနာတော်မြတ်ကြီး ကွယ်ပျောက်ပျက်စီးသွားစေရန် ကျင့်ကြံလုပ်ဆောင်သူများ၊ ဟောပြောရေးသားနေကြသူများကို တွေ့မြင်ကြားသိနေရပါသည်ဘုရား။ ယင်းသို့ သာသနပစ္စတ္ထိက သာသနာ့ရန်စွယ်အန္တရာယ်တို့ကို တားဆီးပိတ်ပင်နိုင်ရေး လျစ်လျူရှုတော်မမူကြဘဲ သာသနာတော်သန့်ရှင်းရန်ဟူသော (က-၁)ရည်ရွယ်ချက်ကို မျက်ခြည်မပြတ် ထက်သန်သော သာသနာပြုစိတ်ဓာတ်ဖြင့် အမြဲမပြတ် သတိပြုဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်ဘုရား။

(က-၂)သာသနာတော်တည်တံ့ရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် "သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ" ဟူသော ပါထိကဝဂ္ဂအဋ္ဌကထာဆရာ၏ (နှာ-၈၂) အဆိုအမိန့်နှင့်အညီ တပည့်တော်တို့ မြန်မာနိုင်ငံတော်၌ သာသနာတော်သုံးရပ်တွင် အရင်းခံအခြေအမြစ်ဖြစ်သည့် ပရိယတ္တိသင်ကြားပို့ချနေသော စာသင်တိုက်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ထီးထီးမားမား အားထားလောက်အောင်တည်ရှိနေသည်ကို အရှင်ဘုရားများအသိပင် ဖြစ်ပါသည်ဘုရား။ ထို့အပြင် ယခုနှစ် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အာဂုံစာရင်းသွင်း(၂၈၃)ပါး၊ ဖြေဆို(၁၇၆)ပါး၊ အောင်မြင် (၉၆)ပါးဖြစ်၍ ၅၄.၅၅%(ရာခိုင်နှုန်း)ရှိခဲ့ပြီး ရေးဖြေစာမေးပွဲတွင် စာရင်းသွင်း(၂၂၁)ပါး၊ ဖြေဆို(၂၀၄)ပါး၊ အောင်မြင် (၁၆)ပါးဖြစ်၍ (၇.၈၄%) (ရာခိုင်နှုန်း) အောင်မြင်ခဲ့သည့်အပြင် (၁၆) ပါးမြောက် အဘိဓမ္မကောဝိဒဘွဲ့နှင့် တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်တစ်ပါးပေါ်ထွန်းခဲ့သည်ကိုလည်း သာသနာတော်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်ခဲ့ပါသည်ဘုရား။ အစိုးရဓမ္မာစရိယစာမေးပွဲတွင်လည်း စာရင်းသွင်း နှစ်သောင်းနှစ်ထောင်ခြောက်ရာ့နှစ်ပါး(၂၂၆၀၂)၊ ဖြေဆို တစ်သောင်းရှစ်ထောင်ရှစ်ရာခြောက်ဆယ့်ခြောက်ပါး (၁၈၈၆၆) ရှိခဲ့ပြီး အောင်မြင်လေးထောင့်ကိုးရာခြောက်ဆယ့်ခြောက်ပါး(၄၉၆၆) ရှိ၍ (၂၆.၃၂%) (ရာခိုင်နှုန်း)၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် စာရင်းသွင်း ခြောက်သောင်းကိုးဆယ့်ခြောက်ပါး(၆၀၀၉၆)၊ ဖြေဆို လေးသောင်းရှစ်ထောင်ကိုးရာတစ်ဆယ်ပါး(၄၈၉၁၀)၊ အောင်မြင် နှစ်သောင်းတစ်ထောင်ရှစ်ဆယ့်ငါးပါး(၂၁၀၈၅) ဖြစ်၍ (၄၃%)(ရာခိုင်နှုန်း)ဖြစ်ရာ သာသနာတော်ကြီး တည်တံ့ရန်ဟူသော ရည်ရွယ်ချက်အတွက် အားတက်ဝမ်းမြောက်ဖွယ်ရာဖြစ်ရပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ဤသည့်သာသနာကို အရှိန်အဟုန်မပျက် ဆက်လက်ပို့ချသင်ယူဆောင်ရွက်သွားရန် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်သွားကြရန်သာ ဖြစ်ပါသည်ဘုရား။

(က-၃)သာသနာတော်ပြန့်ပွားရန်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို (၉-၅-၁၉၉၁)ရက်နေ့ကပင် တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်စေခဲ့သည်မှာ နှစ်ပေါင်း(၃၀)ကျော်ရှိခဲ့ပြီဖြစ်ပါသည်ဘုရား။ ထိုဌာနကြီးမှ သာသနာပြု ရဟန်းတော်သင်တန်း၊ လူပုဂ္ဂိုလ်သင်တန်းများဖွင့်လှစ်၍လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများမှ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ခံ၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ခံ သံဃာတော်များကို နယ်စပ်နှင့်တောင်တန်းသာသနာပြုစေလွှတ်၍လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းများကို ဖွင့်လှစ်၍လည်းကောင်း "သာသနာတော်ပြန့်ပွားရန်" အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်ဘုရား။

အပိုဒ်ခွဲ(ခ)၌ "သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန်ဖြစ်သည်" ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ ယခုအခြေအနေတွင် အချို့သော ရဟန်းသာမဏေတို့သည် သမဏသာရုပ္ပမဖြစ်သည့်ကိစ္စများကို မြေပြင်၌လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင်လည်းကောင်း ဆောင်ရွက်နေကြခြင်း၊ မိမိတို့စိတ်ကူးမိရာ မဟုတ်မမှန် လုပ်ကြံတီထွင်ထားသော အဓမ္မဝါဒများကို ဟောပြောနေကြခြင်း၊ လူပုဂ္ဂိုလ်တို့ကလည်း သင်္ကန်းပရိက္ခရာများဝတ်ဆင်ကာ သိက္ခာမတင် သိမ်မဝင်ဘဲ ရှင်ရဟန်းအသွင်ယူကြလျက် အလှူခံတောင်းရမ်းစားသောက်နေကြခြင်း စသည်တို့ကို တွေ့ရှိနေရပါသည်ဘုရား။ ထိုသို့သောကိစ္စများကို သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းနိုင်ရေးအတွက် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့်လည်း ညွှန်ကြားချက်များ အချိန်အားလျော်စွာထုတ်ပြန်ခြင်း၊ နိုင်ငံတစ်ဝန်းရှိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ကလည်း ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ဝိသောဓနီအဖွဲ့များ ဖွဲ့စည်း၍ ထိန်းသိမ်းကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်ဘုရား။ ထိုသို့ဆောင်ရွက်ရာတွင် ဓမ္မစက် အာဏာစက် ညီညီမျှမျှဖြင့် ပရူပဝါဒဘေး ကင်းဝေးစေမည့် ဆောင်ရွက်ချက်များဖြစ်စေရန် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့် ထိန်းသိမ်းကွပ်ကဲ ပြုပြင်ပေးရမည်ဖြစ်ပါသည်ဘုရား။

အပိုဒ်ခွဲ (ဂ)၌ "ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည်" ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ ဤရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် အပိုဒ်ခွဲ(က-၂)နှင့် အပိုဒ်ခွဲ (ခ)တို့တွင် အကျုံးဝင်သွားပါသည်ဘုရား။ သို့သော်လည်း ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်မှာ အစဉ်အဆက်လိုအပ်လျက်ပင် ရှိနေသေးသည်ကို ဆရာတော်များ အသိပင်ဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း ပထမ (၅)နှစ်သက်တမ်းအတွင်းနှင့် ဒုတိယ(၅)နှစ်သက်တမ်းအစတို့တွင် အဓမ္မဝါဒီတို့ကို ထိထိရောက်ရောက်နှိမ်နင်းခဲ့သည်ကို တွေ့ရှိရပါသည်ဘုရား။ သို့သော်လည်း ထိုကိစ္စရပ်များကို ရဲဝံ့စွာပြုလုပ်နေကြသော အဓမ္မဝါဒီများ မကြာမကြာပေါ်ပေါက်လျက်ရှိရာ မျက်ခြည်မပြတ် စောင့်ကြည့်နှိမ်နင်းနိုင်ရေး လေးလေးနက်နက် တိုက်တွန်းအပ်ပါသည်ဘုရား။

အပိုဒ်ခွဲ (ဃ)၌ "ပရိယတ္တိနှင့်လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားရာ တပည့်တော်တို့ မြန်မာနိုင်ငံတော်ဝယ် ပရိယတ္တိနှင့်လျော်ညီစွာ ပဋိပတ္တိကျင့်စဉ်များကို ကျင့်ကြံကြိုးကုတ် အားထုတ်နေကြသော၊ ဟောကြားပြသနေကြသော ဆရာတော်များ၊ ကမ္မဋ္ဌာန်းရိပ်သာများ ရှိနေသည်ကို တွေ့မြင်နေရပါသည်ဘုရား။ အပိုဒ်ခွဲ (ဂ) ပါအတိုင်း အဓမ္မဝါဒဟောပြောကျင့်ကြံကြသည်များကို မျက်ခြည်မပြတ် စောင့်ကြပ်ထိန်းကွပ်ပေးရန်သာ လိုအပ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

အထက်အပိုဒ်(က)မှ(ဃ)အထိ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်နိုင်လျှင် အပိုဒ်ခွဲ(င)နှင့်(စ) ရည်ရွယ်ချက်များလည်း ပြီးပြည့်စုံပြီး ဖြစ်ပါသည်ဘုရား။ အပိုဒ်ခွဲ(ဆ)၌ "သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ရာ၌ သံဃာဂိုဏ်းများသည် ကြီးသည်ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ ဆောင်ရွက်ကြရန်ဖြစ်သည်" ဟု ပြဋ္ဌာန်းထားရာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ တိုင်းအလိုက်၊ ဂိုဏ်းအလိုက် သံဃာညီညွတ်ရေးသည်လည်း လွန်စွာအရေးကြီးပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌ တိုင်းအလိုက်/ဂိုဏ်းအလိုက် သံဃာတော်များအချင်းချင်း စည်းလုံးညီညွတ်နေမှသာ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသော မူနှင့်အညီ သာသနာတော်အရေးကိစ္စမှန်သမျှကို ချောမွေ့အောင်မြင်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ တိုင်းစွဲ၊ ဂိုဏ်းစွဲစိတ်ထားများကို ဖြေလျှော့ပယ်ဖျောက်၍ တိုင်းတစ်ပါး၊ ဂိုဏ်းတစ်ပါး၏အလိုကို အခြားသောတိုင်းများ၊ ဂိုဏ်းများက ဓမ္မဝိနယလုပ်ထုံးလုပ်နည်းများနှင့်အညီ လေးစားဂရုထား၍ လိုက်လျောဆောင်ရွက်ပေးခြင်းဖြင့် သံဃာစည်းလုံးညီညွတ်မှုကို အထူးအလေးဂရုပြု ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော် အရှင်မြတ်တို့ဘုရား**

နိဂုံးချုပ်အနေဖြင့် လျှောက်ထားလိုသည်မှာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း (၂) အပိုဒ် (၁၃) ၌ "သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖော်ပြပါအခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့်ရှိသည်" ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ သို့ဖြစ်၍ အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများတွင် တိုက်ရိုက်ပြဋ္ဌာန်းထားသော အပိုဒ်များမရှိစေကာမူ ဤအပိုဒ် (၁၃) အရ ဓမ္မဝိနယနှင့် ညီညွတ်ပါက အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခွင့်ရှိသည်ဟု မှတ်ယူထိုက်ပါသည်ဘုရား။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို ရှေးရှေး ဒီဃဒဿီ၊ အာစရိယဆရာတော်ကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့်နည်းတူ တပည့်တော်တို့သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့်လည်း ရည်ရွယ်ချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သတိသမ္ပဇဉ်တရား လက်ကိုင်ထား၍ မမှားမယွင်းအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလျက် သာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့တက်ရောက်၍ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုချီးမြှင့်၊ ရေဘေးရှောင်စခန်းနေပြည်သူများအား သွားရောက်တွေ့ဆုံအားပေးထောက်ပံ့

မြစ်ကြီးနား ဇူလိုင် ၅

**မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့ နံနက် ၈ နာရီခွဲက ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်သည်။**



အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်/ခရိုင်/ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သူနာပြု သားဖွားသင်တန်းကျောင်းနှင့် ပညာရေးကောလိပ်တို့မှ သင်တန်းသား/သင်တန်းသူများ၊ ဆုရအမျိုးသမီးများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်း သီဆိုဖျော်ဖြေဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သည့် စွမ်းဆောင်ရည်ကောင်းများ၊ လေးစားဂုဏ်ယူဖွယ်ဂုဏ်ဒြပ်များနှင့် အရေးပါသည့် အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေရေး မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုအလေးထားဂုဏ်ပြုသည့် အနေဖြင့် ယခုလို မြန်မာအမျိုးသမီးများနေ့ကို ကျင်းပပြီး ပြည်နယ်အဆင့်ဂုဏ်ပြုအခမ်းအနား နှစ်စဉ်ကျင်းပပေးနေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးစွမ်းအားစု၏ စွမ်းဆောင်ပါဝင်မှုကို ထိထိရောက်ရောက်ရယူရန် လိုအပ်သကဲ့သို့ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ထို့ပြင် မြန်မာအမျိုးသမီးများသည် လောကကို တာဝန်ယူမည့်သူများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ကို လှပအောင် ဖန်တီးသူများဖြစ်သည့်အတွက် လူ့အဖွဲ့အစည်းများမှတစ်ဆင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အလေးထားဆောင်ရွက်ကာ စွမ်းဆောင်ရည်များ ဖော်ထုတ်ပေးနိုင်ရေး တိုက်တွန်းလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက နေပြည်တော်၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် စီးပွားရေးကဏ္ဍလှုပ်ရှားမှု ထူးချွန်(ပထမဆု)ရရှိအောင် စွမ်းဆောင်ခဲ့သော ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်၊ အမျိုးသမီးကြက်ခြေနီ ထူးချွန်ဆုရ ဒေါ်အေးအေးငွေ၊ မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ လူမှုရေးကဏ္ဍဆိုင်ရာ ထူးချွန်ဆုရရှိသည့် ဒေါ်ခင်လေးမေတို့ကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးတို့က အမျိုးသမီးလုပ်ငန်းရှင်များကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးတို့က အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းများတွင် ကာလကြာမြင့်စွာ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သူများ၊ လူရည်ချွန်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ အားကစားဆိုင်ရာကဏ္ဍများတွင် ထူးချွန်ဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် လူမှုဝန်ထမ်းမူလတန်းကြိုကျောင်းမှ ကလေးငယ်များနှင့် မြန်မာအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့မှ အမျိုးသမီးအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများနှင့် ကပြသီဆိုဖျော်ဖြေမှုနှင့် မြန်မာအမျိုးသမီးများနေ့ ဗီဒီယိုကလစ်ကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက အခမ်းအနားတွင် တေးသီချင်း၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သော အကအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် လူမှုဝန်ထမ်းဦးစီးဌာနက ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး သင်တန်းများအတွက် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရပ်/ရွာအခြေပြုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အောင်နန်းရပ်ကွက်အတွင်းရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ရေဘေးရှောင်စခန်းသို့ သွားရောက်ပြီး ရေဘေးသင့် ပြည်သူများကို အားပေးစကား ပြောကြားကာ စခန်းရှိ အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၅၆ ဦးတို့အတွက် ဆန်ငါးအိတ်၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ ငါးသေတ္တာတစ်ဖာ၊ ကုလားပဲတစ်အိတ်နှင့် ရေသန့်ကတ် ၂၀ ကို ထောက်ပံ့ပေးအပ်၍ ရေဘေးရှောင်မိသားစုများက လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ လိုအပ်ချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်း မြစ်ရေမြင့်တက်မှုကြောင့် နုန်းမြေများ တင်ကျန်နေမှုကို လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်ယန္တရားများဖြင့် နုန်းမြေများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

## ဧရာဝတီမြစ်နှင့် ချင်းတွင်း မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၅**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့် (၁၄၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် (၁၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်ခြောက်နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲကျော်ခန့် (၁၃၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲကျော်ခန့် (၁၁၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့် (၁၀၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**မိုး/ဇလ**



အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၃ ရက်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းစစ်ကျော် ရွှေ့ဆောင်ငွေစုငွေချေး သမဝါယမအသင်းသားများအား ဆန်များထောက်ပံ့ပေးစဉ်။ စိုးသီဟ(အမရ)

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာ လာရောက်ပေးအပ်



**နေပြည်တော် ဇူလိုင် ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund–UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Jaime Nadal Roig သည် ၎င်း၏ ခန့်အပ်လွှာကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်သည်။

**အမြင်ချင်းဖလှယ်**

ထိုသို့ လာရောက်ပေးအပ်စဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ဒုတိယဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် သီးစုံအခြေခံယိုနှင့် အချိုရည်အမျိုးမျိုးထုတ်လုပ်မှု သင်တန်းဖွင့်ပွဲ တက်ရောက်



**မုံရွာ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်သီးစုံအခြေခံယိုနှင့် အချိုရည်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်း(၂/၂၀၂၄)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက်က စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနရုံးရှိ မြတ်ဇေယျာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်နှင့် မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့်ကျေးလက်များအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး မျှော်မှန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးလိုက်သည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများအား အသုံးချကာ မိမိနှင့်မိမိတို့မိသားစု၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေနိုင်ရေး၊ မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေရရှိစေရေးနှင့် ပြည်ပငွေစီးဆင်းမှု လျော့နည်း၍ နိုင်ငံ့စီးပွား အထောက်အကူပြုသည့် လုပ်ငန်းရှင်များ ဖြစ်လာကြစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သာပေါင်းမြို့နယ်၌ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**သာပေါင်း ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောခြင်းနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို လေ့ကြီးတတ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစိုးနိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသိန်းဝင်းဇော်က မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစားများ၊ သစ်တောသစ်ပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအကြောင်း၊ သစ်တောသစ်ပင်များမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မျိုးဇော်သိန်း(ပြန်/ဆက်)



# ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြော

**ဘားအံ ဇူလိုင် ၅**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂ ရက်က ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၇ ဦး တက်ရောက်သည်။

ဦးစွာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် တရားရေးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်သက်ဦးက ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆက်စပ်ဥပဒေများကိုလည်းကောင်း၊ အမှတ်(၁၀) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးဟန်မွေးက ဆိုင်ကယ်မောင်းနှင်ရာတွင် အသက်ကယ်ဆိုင်ကယ်ဦးထုပ် ဝတ်ဆင်မောင်းနှင်ရေးတို့ကိုလည်းကောင်း၊ ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်စုံအောင်က Quick Win စီမံချက်(၅ ရပ်ပါ) လိုက်နာရန်အချက်များကိုလည်းကောင်း အသိပညာပေးဟောပြောကြောင်း သိရသည်။

စိုးစိုးအေး(ပြန်/ဆက်)



# မိုးစပါးမြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) ထည့်သွင်းထွန်ယက်

**မြန်အောင် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် မကျည်းကွင်းကျေးရွာ တောင်သူ ဦးညိုဝင်းအောင်၏ လယ်မြေ ငါးဧကကွင်းအမှတ်(၂၄၇)တွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) ထည့်သွင်းထွန်ယက်ခြင်းကို ဇူလိုင် ၂ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စိုက်တိုးမြှင့်ကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် မြို့နယ်စိုက်တိုးမြှင့်ကော်မတီဥက္ကဋ္ဌ ဦးနေမင်းထွန်းတို့က သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းမြေမြှုပ်ထွန်ယက်ခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စိုက်တိုးမြှင့်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးစပါးများ ပေးအပ်ပြီးနောက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထည့်သွင်းထွန်ယက်နေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

ရောဦးသာ

# စတုတ္ထအကြိမ်မြောက် ဟိမဝန္တာတောင်တန်းများဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ လူသားများနှင့် သဘာဝတရားအကြား သဟဇာတဖြစ်စေသောဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ကို ချိတ်ဆက်ဆောင်ရွက်ရန်နှင့် ရေခဲမြစ်များ ထိန်းသိမ်းခြင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ရိုးရာဆေးဖက်ဝင်အပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဟန်ချက်ညီစေရန် ရည်ရွယ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ Nyingchi မြို့၊ Lulang International Pearl Hotel ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၊ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ဝန်ကြီးများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများနှင့် ကျောင်းသား ကျောင်းသူများ၊ သုတေသီများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကော်မတီအတွင်းရေးမှူး Mr. Wang Junzheng၊ နှင့် the 14th National Committee of the Chinese People's Political Consultative Conference ၏ Vice–Chairperson Ms. Qin Boyong၊ သီရိလင်္ကာ၊ နီပေါ၊ အာဖဂန်နစ္စတန်၊ ကိုရီးယား၊ ချီလီ၊ ဘိုလီးဗီးယားနိုင်ငံများမှ ဝန်ကြီးများ၊ ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မတီမှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စတုတ္ထအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှီကျန်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကော်မတီ အတွင်းရေးမှူး Mr. Wang Junzhengနှင့် Vice –Chairperson Ms. Qin Boyong တို့က ဂေဟစနစ်ထိန်းသိမ်းခြင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရေး၊ ရှီကျန်းဒေသရှိ တောင်တန်းများ၊ သစ်ပင်သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေခဲမြစ်များ ထိန်းသိမ်းကာကွယ်ရေး၊ ကုန်းမြင့်အားကစားလှုပ်ရှားမှုများနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးစေရေး၊ ကာဗွန် ထုတ်လွှတ်မှုနည်းပါးသည့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု မျှခြေဖြစ်စေရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိစွာနေထိုင်မှုသည် လူသားများနှင့် သဘာဝအကြား အပြန်အလှန်အမှီသဟဲပြုပြီး ကောင်းမွန်သော သက်ရှိဘဝကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ ဂေဟစနစ်တည်ငြိမ်စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံ၏ဦးစားပေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ၄၇ ရာခိုင်နှုန်းသည် ဟိမဝန္တာတောင်တန်းဒေသတွင်ပါဝင်နေပြီး ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ အချက်အချာ နေရာများဖြစ်သော အင်ဒို-မြန်မာ၊ တရုတ် အနောက်တောင် တောင်တန်းများနှင့် ဟိမဝန္တာဒေသများ၏ ဂေဟဗေဒကွန်ရက်အတွင်း တည်ရှိပါကြောင်း၊ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်တွင် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေ ရှစ်ခု၊ နိုင်ငံဧရိယာ၏ ၂ ဒသမ ၅၉ ရာခိုင်နှုန်း ဖွဲ့စည်းထားပြီး၊ တစ်နိုင်ငံလုံးအနေဖြင့် နိုင်ငံဧရိယာ၏ ၆ ဒသမ ၄၈ ရာခိုင်နှုန်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ဒေသမျိုးရင်းဆေးဖက်ဝင်အပင်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ၊ အစိမ်းရောင်စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်းများတွင် ခိုင်မာ၍ လက်တွေ့ကျသော မူဝါဒများနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်သွားရန် အကြံပြုလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြားနှင့် ပိုးလမ်းမနှင့် ရပ်ဝန်းဆိုင်ရာကိစ္စရပ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**




ယင်းနောက် နိုင်ငံအသီးသီးမှ ဝန်ကြီးများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အမှာစကားများပြောကြားကြပြီး တက်ရောက်လာသူများက သစ်ပင်သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေခဲမြစ်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ကုန်းမြင့်အားကစားလှုပ်ရှားမှုများနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးစေခြင်း၊ ရိုးရာတိုင်းရင်းဆေးနှင့် ဆေးဖက်ဝင်အပင်များ ထိန်းသိမ်းကာကွယ်ခြင်း ခေါင်းစဉ်များဖြင့် ဆက်လက်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Nyangchi မြို့ သတင်းမီဒီယာများ၏ ဖိုရမ်နှင့်ပတ်သက်သည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ ထို့နောက် ရှီကျန်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ Standing Committee of the People's Congress Vice Chairman Mr. Sun Xianzhong နှင့်တွေ့ဆုံပြီး သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အစည်းအဝေး(၂/၂၀၂၄) ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**



အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ကော်မတီ အစည်းအဝေး(၂/၂၀၂၄)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပူးတွဲကော်မတီဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပူးတွဲကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက လုပ်ငန်းအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် အကောက်ခွန်ဦးစီးဌာနက Measures ၂၄ ခု၊ ကုန်သွယ်ရေး ဦးစီးဌာနက Measures ခုနစ်ခုနှင့် စားသုံးသူရေးရာဦးစီးဌာနက Measures နှစ်ခုတို့ကို ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်ကြပါကြောင်း၊ လုပ်ငန်းတိုးတက်မှုအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် မတ်လအတွင်း Measures ငါးခု ထပ်မံအကောင်အထည်ဖော်ပြီးစီးခဲ့သည့်အတွက် WTO Website တွင် ဖော်ပြထားသော မြန်မာနိုင်ငံ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုရာခိုင်နှုန်း (Implementation Rate) သည် ၁၈ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၇ ဒသမ ၇ ရာခိုင်နှုန်းသို့ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကို လက်တွေ့အကောင်အထည် ဖော်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပူးပေါင်းပါဝင် အကောင်အထည်ဖော်ကြရန်၊ တိုးတက်မှုအခြေအနေများ၊ တွေ့ကြုံရသော အခက်အခဲများနှင့် အကြံပြုချက်များကို ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် စပ်လျဉ်း၍ WTO Website တွင် ဖော်ပြထားချက်အရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ကျင်းပခဲ့သည့် (၁/၂၀၂၄) အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ပြီးမြောက်မှုရာခိုင်နှုန်းမှာ ၁၈ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ် ဇွန်လတွင် ၂၇ ဒသမ ၇ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပြီး LDCs ၏ အကောင်အထည်ဖော်မှုရာခိုင်နှုန်းမှာ ၄၉ ဒသမ ၂ ရာခိုင်နှုန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ WTO ၏ Trade Facilitation Database Website တွင် ဖော်ပြထားချက်အရ ၂၀၂၅ ခုနှစ်တွင် အကောင်အထည်ဖော်ပြီးမြောက်မှု ရာခိုင်နှုန်းမှာ ၇၆ ဒသမ ၉ ရာခိုင်နှုန်းသို့ ရောက်ရှိလာမည်ဖြစ်ပြီး၊ LDCs ၏ အကောင်အထည်ဖော်မှု ရာခိုင်နှုန်းမှာ ၆၅ ဒသမ ၆ ရာခိုင်နှုန်းရှိလာမည်ဖြစ်၍ ယခင်ကထက် ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းအဖွဲ့များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှု တိုးတက်မှုများကို ဆန်းစစ်မှုများ အမြဲပြုလုပ်ရန်နှင့် လိုအပ်ချက်များနှင့် အားနည်းချက်များကို ဝိုင်းဝန်းညှိနှိုင်း ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီ အစည်းအဝေးကိုအစီအစဉ်အတိုင်း ကျင်းပရာ ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့လေးဖွဲ့မှ ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြကြရာ ကော်မတီဝင်များ၏ ဆွေးနွေးမှုများအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲကော်မတီဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ယနေ့အစည်းအဝေးတွင် သဘောတူညီခဲ့ကြသော လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များက ဆောင်ရွက်ရမည့် အစီအမံများ သတ်မှတ် Definitive Date အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းစဉ်တစ်လျှောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကော်မတီပူးတွဲဥက္ကဋ္ဌက နည်းပညာအကူအညီရယူရန် လိုအပ်သော Category C အောက်ရှိ Measures များ အကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်း၍ အကူအညီများရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အစိုးရဌာနများအနေဖြင့်လည်း ခေတ်မီ လုပ်ထုံးလုပ်နည်းများဖြင့် အခွန်ကောက်ခံနိုင်ကြမည် ဖြစ်သည့်အပြင် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုများ ပိုမိုလျင်မြန်တိုးတက်လာခြင်းနှင့်အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားပေးရာရောက်သဖြင့် နိုင်ငံ၏စီးပွားရေးကို များစွာအကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ဗြိတိန်နိုင်ငံ၏ လေဘာပါတီသည် ပါလီမန်တွင် အများစုအနိုင်ရရှိ

**လန်ဒန် ဇူလိုင် ၅**

ဗြိတိန်နိုင်ငံ၏ အကြီးဆုံး အတိုက်အခံပါတီဖြစ်သည့် လေဘာပါတီသည် ဇူလိုင် ၄ ရက်က ပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အဓိကအနိုင်ရရှိခဲ့သည်ဟု သိရသည်။

အောက်လွှတ်တော် ပါလီမန်အမတ်နေရာ ၆၅၀ တွင် ၃၂၆ နေရာ အနိုင်ရရှိခဲ့သည်ဟုသိရသည်။ လေဘာပါတီခေါင်းဆောင် ကီရာစတာမာသည် ဗြိတိန်နိုင်ငံ၏ လာမည့် ဝန်ကြီးချုပ်အသစ် ဖြစ်လာတော့မည်ဖြစ်ပြီး ၁၄ နှစ်တာ ကာလအတွင်း ပထမဦးဆုံး အပြောင်းအလဲလည်း ဖြစ်သည်။ လက်ရှိ ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်သည် အထွေထွေရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားကြောင်း ဇူလိုင် ၅ ရက်က ဝန်ခံပြောကြားသည်။



လေဘာပါတီခေါင်းဆောင် ကီရာစတာမာ။

ထို့နောက် လေဘာပါတီ၏အနိုင်ရရှိမှုကို အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။ ရွေးကောက်ပွဲတွင် အနိုင်ရရှိမှုအတွက် ဂုဏ်ပြုကြောင်းပြောရန် ကီရာစတာမာထံ ဖုန်းခေါ်ဆိုခဲ့ကြောင်း ဆူနက်က ပြောသည်။

ရွေးကောက်ပွဲရှုံးနိမ့်မှုအတွက် ၎င်းထံတွင် တာဝန်ရှိပြီး ယင်းအတွက် စိတ်မကောင်းဖြစ်ရကြောင်း ဆူနက်က ဆက်ပြောသည်။ လန်ဒန်သို့ဆက်သွားမည်ဖြစ်ပြီး ဝန်ကြီးချုပ်ရာထူးမှ မနုတ်ထွက်မီ ရွေးကောက်ပွဲရလဒ်အကြောင်း ဆက်ပြောမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

စတာမာ ဗြိတိန်ဝန်ကြီးချုပ်အသစ်ဖြစ်လာစေရေး လမ်းဖွင့်ပေးသည့်အနေဖြင့် မကြာမီအချိန်အတွင်း လက်ရှိဝန်ကြီးချုပ်ဆူနက်က ၎င်း၏ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာချက်ကို ထုတ်ပြန်မည်ဟု ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# လာအိုနိုင်ငံ၌ ယခုနှစ်ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကျဆင်းလာ

**ဗီယင်ကျန်း ဇူလိုင် ၅**

လာအိုနိုင်ငံ၌ ၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ၂၀၂၃ ခုနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၁၈၂ ဦးတွေ့ရှိရာ သေဆုံးသူ သုံးဦးရှိကြောင်း သိရသည်။ လာအိုနိုင်ငံ ဆစ်ခွန်းပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၅၃၄ ဦးဖြင့် ကူးစက်မှုအများဆုံးဖြစ်ပြီး မြို့တော် ဗီယင်ကျန်း၌ ရောဂါဖြစ်ပွားသူ ၁၂၈၈ ဦးရှိကြောင်းနှင့် လွမ်ပရာဘန်ပြည်နယ်၌ ရောဂါဖြစ်ပွားသူ ၅၈၅ ဦးရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်နှင့် ပညာရေးစင်တာက ဇူလိုင် ၅ ရက်တွင် ထုတ်ပြန်ထားသည်။

လာအိုနိုင်ငံ၌ ပြီးခဲ့သည့်နှစ် ပထမခြောက်လတာကာလက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၇၁၉၇ ဦးရှိပြီး သေဆုံးသူတစ်ဦးရှိသည်။ ဗိုင်းရပ်စ်ကူးစက်မှုကို နှိမ်နင်းရန် အစိုးရ၏ အားထုတ်မှုများနှင့် ခြင်ကိုက်ခံရခြင်းမှ ကာကွယ်ရန်နည်းလမ်းများ ပြည်သူများ ပိုမိုသိရှိလာခြင်းတို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ကျဆင်းလာခြင်းဖြစ်သည်။ **ဆင်ဟွာ**

# ဂျနင်မြို့၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ခုနစ်ဦး ထပ်မံသေဆုံး

**ရမ်မာလာ ဇူလိုင် ၅**

အနောက်ဘက်ကမ်းမြောက်ပိုင်း ဂျနင်မြို့နှင့် ဒုက္ခသည်စခန်းတို့၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းခုနစ်ဦး သေဆုံးကြောင်း ပါလက်စတိုင်းနှင့် အစ္စရေးသတင်းရင်းမြစ်များက ဇူလိုင် ၅ ရက်တွင် ပြောကြားသည်။

ဂျနင်ဒုက္ခသည်စခန်း၌ လူငယ်အုပ်စုကို အစ္စရေးဒရုန်းတစ်ခုက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး ပါလက်စတိုင်းစစ်သွေးကြွများနှင့် အပြန်အလှန်တိုက်ခိုက်ချိန်အတွင်း အစ္စရေးတပ်မတော်က ဂျနင်အနောက်ဘက် နေအိမ်တစ်လုံးကို ဝန်းရံထားကြောင်း ပါလက်စတိုင်းလုံခြုံရေးသတင်းရင်းမြစ်များက ပြောကြားသည်။

အစ္စရေးတပ်မတော်က အဆိုပါဒေသ၌ စစ်ရေးအကာအရံများချထားပြီး ၎င်းတို့ ဝန်းရံထားသည့်နေအိမ်သို့ လူနာတင်ယာဉ်အမှုထမ်းများ မရောက်ရှိအောင် တားဆီးထားကြောင်း ဂျနင်ရှိ လခြမ်းနီလူနာတင်ယာဉ်အရာရှိတစ်ဦးဖြစ်သူ မာမွတ် အယ်လ်-ဆာဒီက ပြောကြားသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ အနောက်ဘက်ကမ်းနှင့် ဂျေရုဆလင်အရှေ့ဘက်၌ အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၅၆၀ ကျော် သေဆုံးကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ဆင်ဟွာ**

# ကယ်လီဖိုးနီးယားမြောက်ပိုင်း၌ တောမီးလျှင်မြန်စွာပျံ့နှံ့လာသည့်အတွက် လူပေါင်း ၂၈၀၀၀ ကျော် ဘေးလွတ်ရာသို့ရွှေ့ပြောင်း

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၅**

ကယ်လီဖိုးနီးယား ပြည်နယ်မြောက်ပိုင်း၌ ပြင်းထန်သည့် အပူလှိုင်းဖြစ်ပေါ်နေစဉ် တောမီးလောင်မှုမှာ လျှင်လျှင်မြန်မြန် ပျံ့နှံ့လာသည့်အတွက် ဇူလိုင် ၄ ရက်က လူပေါင်း ၂၈၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟု သိရသည်။

ကယ်လီဖိုးနီးယား သစ်တောနှင့် မီးကာကွယ်ရေးဌာန၏ ပြောကြားချက်အရ ဇူလိုင် ၄ ရက်မွန်းလွဲပိုင်းအထိ မြေဧကပေါင်း ၃၇၀၀ ကျော် မီးလောင်ခဲ့ပြီး ၇ ရာခိုင်နှုန်းကိုသာ ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။ တောမီးလောင်မှုကို ငြိမ်းသတ်ရင်း မီးသတ်သမားလေးဦး ဒဏ်ရာရရှိခဲ့သည်။ တောမီးကြောင့် အဆောက်အအုံပေါင်း ၁၂၀၀၀ မှာလည်း သဘာဝဘေးအန္တရာယ် ခြိမ်းခြောက်မှုအောက်တွင် ရောက်ရှိနေသည်ဟု ကယ်လီဖိုးနီးယား သစ်တောနှင့် မီးကာကွယ်ရေးဌာနက ပြောသည်။



လက်ရှိတွင် တောမီးကို ငြိမ်းသတ်နိုင်ရေး မီးသတ်သမားပေါင်း ၁၉၀၀ ကျော် ပါဝင်ကြိုးပမ်းလျက်ရှိသည်။ ဗျူ့ဒေသတွင် တောမီးအန္တရာယ်ကြောင့် မဖြစ်မနေ ဘေးလွတ်ရာသို့ပြောင်းရွှေ့ကြရန် အမိန့်ထုတ်ထားသည်။ ကယ်လီဖိုးနီးယား ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်းသည် တောမီးငြိမ်းသတ်နိုင်ရေးအတွက် ဗျူ့ဒေသ၌ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ **ဆင်ဟွာ**

# မော်ရီတေးနီးယား ကမ်းလွန်ပင်လယ်ပြင်တွင် ရွှေ့ပြောင်းနေထိုင်သူ ၈၉ ဦးကို သေဆုံးလျက်တွေ့ရှိ

**နာရာချော့ ဇူလိုင် ၅**

ရွှေ့ပြောင်းနေထိုင်သူ ၈၉ ဦး ၏အလောင်းကို မော်ရီတေးနီးယားနိုင်ငံ အနောက်တောင်ပိုင်း အင်န်ဒီရာဂိုမြို့၌ မော်ရီတေးနီးယား ကမ်းရိုးတန်းစောင့်တပ်က တွေ့ရှိခဲ့သည်ဟု ဇူလိုင် ၄ ရက်တွင် မီဒီယာများ၌ ဖော်ပြထားသည်။

ရွှေ့ပြောင်းနေထိုင်သူများသည် ရိုးရာငါးဖမ်းလှေကြီးတစ်စင်းပေါ်၌ လိုက်ပါလာစဉ် အင်န်ဒီရာဂိုမြို့မှ ၄ ကီလိုမီတာ ကွာဝေးသည့်နေရာတွင် သောင်တင်နေခြင်းဖြစ်သည်ဟု မော်ရီတေးနီးယန်းသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အသက်ငါးနှစ်အရွယ် ကလေးတစ်ဦးအပါအဝင် လူကိုးဦးကို ကမ်းရိုးတန်းစောင့်တပ်က ကယ်တင်နိုင်ခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ရိုးရာငါးဖမ်းလှေကြီးမှာ ဆီနီဂေါလ် - ဂမ်ဘီယာ နယ်စပ်မှ လွန်ခဲ့သောခြောက်ရက်ခန့်က ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး လှေပေါ်တွင် ရွှေ့ပြောင်းနေထိုင်သူ ၁၇၀ လိုက်ပါလာကြောင်း အသက်ရှင်ကျန်ရစ်သူများက ပြောသည်။

**ဆင်ဟွာ**

# ဟစ်ဇ်ဘိုလာက ဒုံးကျည်များဖြင့် ပစ်ခတ်မှုကြောင့် အစ္စရေးတပ်မတော်မှ အရာရှိတစ်ဦးသေဆုံး

**ဂျေရုဆလင် ဇူလိုင် ၅**

ဟစ်ဇ်ဘိုလာ၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ဇူလိုင် ၄ ရက်က အစ္စရေးတပ်မတော်မှ အရာရှိတစ်ဦးသေဆုံးကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။

သေဆုံးသူမှာ အစ္စရေးတပ်မတော်မှ ဒုတပ်ခွဲမှူးတစ်ဦးဖြစ်သူ အသက် ၃၈ နှစ်အရွယ် အီတေးဂယ်လီယာ ဖြစ်ကြောင်း သိရသည်။

၎င်းမှာ အစ္စရေးကို ဟစ်ဇ်ဘိုလာ၏ ကြီးမားသည့်တန်ပြန်တိုက်ခိုက်မှု တစ်ခုအတွင်း အစ္စရေးတို့ သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်ကို ဒုံးကျည်ဖြင့် တိုက်ခိုက်ချိန်တွင် သေဆုံးခဲ့ကြောင်း သိရသည်။ ဟစ်ဇ်ဘိုလာသည် မကြာသေးမီက လက်ဘနွန်နိုင်ငံ အနောက်တောင်ပိုင်း တိုင်ရယ်မြို့သို့ အစ္စရေးက မကြာသေးမီက ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် ၎င်းတို့ထိပ်ပိုင်းခေါင်းဆောင် မိုဟာမက်နာအာမက်နက်ဆာ သေဆုံးမှုကို လက်တုံ့ပြန် တိုက်ခိုက်သည့်အနေဖြင့် အစ္စရေးမြောက်ပိုင်းသို့ ဒုံးကျည်၊ ဒုံးလက်နက်နှင့် ဒရုန်း ၂၀၀ ခန့် လွှတ်တင်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

၎င်း၏ သေဆုံးမှုမှာ ပြီးခဲ့သည့်နှစ် အောက်တိုဘာအစောပိုင်းက လက်ဘနွန်လက်နက်ကိုင်တပ်ဖွဲ့နှင့် အစ္စရေးတို့အကြား နယ်စပ်ဖြတ်ကျော် တိုက်ပွဲများ စတင်သည့် အချိန်မှစကာ ဟစ်ဇ်ဘိုလာတိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့များ၏ ၁၈ ယောက်မြောက် သေဆုံးသူဖြစ်သည်။ **ဆင်ဟွာ**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အသင်း၏ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။




### မြန်မာနိုင်ငံ၏ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းသည် ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အစဉ်အဆက်လက်တွဲဆောင်ရွက်ခဲ့သည့်အသင်းဖြစ်ပါကြောင်း၊ ယခုအသင်းမှ ရွေးချယ်တင်မြှောက်ထားရှိသော ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

### ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဘုန်းနိုင်က ၎င်းတို့အသင်း၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ Myanmar International Travel Mart (2025) နှင့် Myanmar International Travel Expo (2026) အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသူများက လိုအပ်သည်များကို ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံးသို့ သွားရောက်၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၅**

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား) တက်ရောက်သည်။

### ရရှိနိုင်မည့်အကျိုးကျေးဇူးများ ရှင်းလင်း

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြု ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

### စိတ်ချယုံကြည်စွာ ဆောင်ရွက်နိုင်ရေး

Myanmar Electronic Voting Machine (MEVM) စက်သရုပ်ပြ ရှင်းလင်းဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ MEVM စက်အသုံးပြုမှုအပေါ်တွင် စိတ်ချယုံကြည်စွာ ဆောင်ရွက်နိုင်ရေး၊ စမ်းသပ်မဲပေးခဲ့သည့် မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲတွင် မိမိတို့ရွေးချယ်မဲပေးလိုသည့်ပါတီအား လွယ်ကူရှင်းလင်းစွာမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်များ စိတ်ချယုံကြည်မှုအပြည့်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ မဲပေးနိုင်ရေး၊ မဲပေးခြင်းနှင့် စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး တို့ကို မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

### မဲပေးစက်ဖြင့် လက်တွေ့ ဆန္ဒမဲပေး



အခမ်းအနားသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအမှုဆောင်အဖွဲ့ဝင် ငါးဦးနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South–East Asia Crude Oil Pipeline Company Limited သည် မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project) ကို Trailing Suction Hopper Dredger, REEM ISLAND ဖြင့် ဆောင်ရွက်သွားမည့် ရေလမ်းကြောင်းတူးဖော်မည့်ဧရိယာ Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၄၃ ဒသမ ၅၇ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၅ ဒသမ ၄၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၂ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၂ ဒသမ ၄၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၁၅ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ဝ၃ ဒသမ ၁၂ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၇ ဒသမ ၇ဝ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ဝ၆ ဒသမ ၃၈ စက္ကန့်နှင့် Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၅၃ ဒသမ ၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၈ ဒသမ ၁၂ စက္ကန့်၊ ရာသီဥတုဆိုးရွားပါက ခေတ္တနားခိုမည့် shelter area coordinate များဖြစ်သော No.1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၂၁ ဒသမ ၂ဝ၄ဝ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ဝ၅ ဒသမ ၇၄၂ဝ စက္ကန့်၊ No.2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၅ ဒသမ ၄၆၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁ဝ ဒသမ ၇၇၇၉ စက္ကန့်၊ No.3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃ ဒသမ ၉၅ဝ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၃၆ ဒသမ ၆၇၈၃ စက္ကန့်နှင့် No.4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃ ဒသမ ၈၉၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၅၈ ဒသမ ၆၄၈၃ စက္ကန့်၊ အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၁) ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ဝ၈ ဒသမ ၈၁၈ဝ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄ဝ ဒသမ ၈၃၈၁ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ဝ၃ ဒသမ ၁၈၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၃၉ ဒသမ ၆၃၂၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၅ ဒသမ ၁၆ဝ၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ဝ၉ ဒသမ ၁၅၆၁ စက္ကန့် နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ဝ၇ ဒသမ ၄ဝဝ၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ဝ၉ ဒသမ ဝ၁၂၈ စက္ကန့်၊ အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၂)ဖြစ်သော Point A မြောက်လတ္တီ တွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၈ ဒသမ ၉၉၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄ ဒသမ ၇၆၆ဝ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၂ ဒသမ ၈၆၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄ ဒသမ ၈၈၁၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၄ ဒသမ ၂၁၄ဝ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁ ဒသမ ၆ဝ၁၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၉ ဒသမ ၁၉၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁ ဒသမ ၄၆၁၉ စက္ကန့်နှင့် မြေသားစုပုံမည့်ဧရိယာ (Toss mud area) Coordinate များဖြစ်သော Center Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၄၉ ဒသမ ၇၉ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၄ မိနစ် ၅၁ ဒသမ ၃၉ စက္ကန့်တို့ အတွင်း တွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ဝ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

### ဖော်ပြပါတည်လုပ်ငန်းခွင်

သို့ဖြစ်ပါ၍ မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ(Dredging Project) ကို Hopper Dredger, REEM ISLAND ရေယာဉ်ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေး ကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည် လုပ်ငန်းခွင်ဧရိယာမှ (၅ဝဝ) မီတာပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ်ခိုလှုံမည့်နေရာ (Shelter Anchorage) ဧရိယာမှ ၂၅ဝ မီတာပတ်လည် အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများနှင့် မြန်မာ့မျက်ပွင့် E-Library စာကြည့်တိုက်

**နိုင်ငံတော်မှနိုင်ငံတစ်ဝန်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးရွာ၊ ရပ်ကွက်အဆင့်များအထိ ကော်မတီများဖွဲ့စည်း၍ နိုင်ငံပိုင်စာကြည့်တိုက်များ အပါအဝင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး နိုးကြားတက်ကြွစွာ ပါဝင်လာနိုင်ရေးအတွက် ပညာရေးဌာနလက်အောက်ရှိ ဆရာ ဆရာမများ အပါအဝင် စာရေးဆရာများ၊ စာပေမြတ်နိုးသူများသာမက နိုင်ငံချစ်စိတ်ရှိသူတိုင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။**

ကိုသက်(ဇီးကုန်း)

ရုံးများ၊ ကျောင်းများ စာကြည့်တိုက်များတွင် နှစ်ပေါင်းများစွာက ချိတ်ဆွဲထားသည့် **"အလိမ္မာစာမှာရှိ"**၊ **"ပညာရဲရင့် ပွဲလယ်တင့်"**၊ **"စာပေမြင့်မှ လူမျိုးတင့်မည်"** စသော ဆိုင်းဘုတ်များကို ချိတ်ဆွဲရုံ၊ မြင်ရုံမျှဖြင့် ကျေနပ်နေ၍မရတော့ပါ။ ထိုထိုသော ဆိုင်းဘုတ်ကလေးများမှာ သတိပေးရုံ၊ သတိထားမိရုံမျှသာဖြစ်ပြီး ဆိုင်းဘုတ်ကို ကျော်လွန်၍ လက်တွေ့ကျကျ ဆောင်ရွက်ရတော့မည့် အချိန်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ထိုဆိုင်းဘုတ်ကလေးများ အသက်မဝင်သည်မှာ အဘယ်ကြောင့်နည်း။ အဖြေကား အင်တာနက်ခေတ်တွင် လူမှုကွန်ရက်မီဒီယာများ အားကောင်းလာခြင်းကြောင့်ဟု ဆိုချင်ပါသည်။ အချိန်တိုအတွင်း တစ်ကမ္ဘာလုံး၏ သတင်းကို သိရှိနိုင်၊ မြင်တွေ့နိုင်၊ ပေးပို့နိုင်သော ဖုန်း၏ အသုံးဝင်ကျယ်ပြန့်မှုကို မည်သို့မျှ ဟန့်တားပိတ်ပင်နိုင်မည်မဟုတ်ချေ။ သို့ရာတွင် ဖုန်းကြည့်ဖြစ်သည့်အခါ တိုင်းပြည်နှင့် လူမျိုး၊ ဘာသာအတွက် မလိုလားအပ်သောသတင်းများနှင့် ဘက်လိုက်သတင်းမှားများ ရောနှောတင်ဆက်မှုအပေါ် အသိနှင့်သတိ ယှဉ်ရမည်ဖြစ်ပါသည်။ အွန်လိုင်းပေါ်မှ သတင်းအချက်အလက်များကို ဖတ်ရှုရာတွင် ကိုယ်ပိုင်ဦးနှောက်ဖြင့် ဆင်ခြင်တုံတရား လက်ကိုင်ထားလျက် ကြည့်ရှုသင့်ပါသည်။ စာကြည့်တိုက်များသည် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မီးရှူးတန်ဆောင်လည်းဖြစ်သကဲ့သို့ အမျိုးသားရေးအားမာန် စာအုပ်စာပေများ ထိန်းသိမ်းထားရှိရာ စာဖတ်သူများ စုဝေးရာနေရာတစ်ခုလည်း ဖြစ်သည်။ စာကြည့်တိုက်များသည် စာဖတ်သူများ၏ ပျော်မွေ့ဖွယ်ကောင်းသော ကမ္ဘာလည်းဖြစ်၏။ အသိအလိမ္မာများ သိုမှီးရာဘဏ်တိုက်လည်း ဖြစ်၏။

## မြန်မာ့မျက်ပွင့်စာကြည့်တိုက်

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့၏ မြန်မာ့မျက်ပွင့်စာကြည့်တိုက်ကို ၂၀၁၅ ခုနှစ် ဧပြီ ၁၀ ရက်တွင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ စာကြည့်တိုက်၏အမည်ကို ဇီးကုန်းဇာတိဖွား ဝဏ္ဏကျော်ထင် သီရိပျံချီ စာရေးဆရာကြီး ဇေယျ (ဦးယော) (၁၉၀၀-၁၉၈၂)ကို ဂုဏ်ပြုသောအားဖြင့် ဆရာကြီးရေးသော စာအုပ်အမည်ဖြစ်သည့် မြန်မာ့မျက်ပွင့်ဟု အမည်ပေးခဲ့ရာ ယခုအခါ ဆယ်စုနှစ်




အကြိုကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ စာကြည့်တိုက် အလှူရှင်မှာ ဒုတိယသမ္မတ(ငြိမ်း)၊ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့် မိသားစု ဖြစ်ပါသည်။ ဒုတိယသမ္မတ(ငြိမ်း)က စာပေကို ချစ်မြတ်နိုးသူပီပီ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် စာပေမျိုးစေ့ကို သဒ္ဓါထက်သန်စွာဖြင့် စိုက်ထူပေးခဲ့ခြင်းဖြစ်ရာ စာပေချစ်သူအပေါင်းတို့က ဆက်လက်ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တာဝန်ရှိပေသည်။

မြန်မာ့မျက်ပွင့်စာကြည့်တိုက်ကို တည်ထောင်ရာတွင် ပညာရှာသူ တို့ဝိုင်းဝန်းကူဆိုသည့် ဆောင်ပုဒ်အတိုင်း အသိပညာ၊ ဗဟုသုတရှာဖွေဆည်းပူးနိုင်စေရန်၊ ပြည်သူများ အသိပညာကြွယ်ဝစေရန်နှင့် ပညာမျိုးစုံကို အလွယ်တကူလေ့လာနိုင်ကာ ဗဟုသုတနှင့် အတွေးအခေါ်များ မြင့်မားလာပြီး လွတ်လပ်စွာ တွေးခေါ်ဖန်တီးနိုင်ရန်၊ စာပေမြင့်မှလူမျိုးတင့်မည်ဆိုသည့် စကားအတိုင်း နိုင်ငံသားတိုင်း၏ အတွေးအခေါ်နှင့်စိတ်ဓာတ် တိုးတက်မြင့်မားရေးကို အကျိုးပြုစေရန် စသောရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ကာ စာဖတ်သူများကို လက်ခံကြိုဆိုလျက်ရှိသည်။

မြန်မာ့မျက်ပွင့်စာကြည့်တိုက်သည် E-Library အမျိုးအစားဖြစ်သောကြောင့် ကွန်ပျူတာ၊ အင်တာနက်များသုံးစွဲ၍ စာဖတ်သူများ၏ စာဖတ်စွမ်းရည်ကို မြင့်မားတိုးတက်အောင် လေ့ကျင့်ပေးနိုင်သည်။ အင်္ဂလိပ်စာအပါအဝင် အခြားဘာသာစကားများကိုပါ ဖတ်ရှုလေ့လာနိုင်သည့်အပြင် စာပေ၊ အနုပညာ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေး၊ စိုက်ပျိုးရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ စသည့်စာမျိုးစုံတို့ကို လက်လှမ်းမီနိုင်သမျှ ရှာဖွေစုဆောင်းထားရှိသည်။

ယင်းအပြင် နှစ်စဉ် နှစ်တိုင်း စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ ဉာဏ်စမ်းပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ ပုံဆွဲပြိုင်ပွဲများ၊ ပန်းချီသင်တန်းများ၊ စကားရည်လုပွဲများကို စာသင်ကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းသားကျောင်းသူများအတွက် ကွန်ပျူတာနှင့်အင်္ဂလိပ်စာသင်တန်းများလည်း ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ စာကြည့်တိုက်အလှူရှင်များ စေတနာသဒ္ဒါတရားနှင့် စာကြည့်တိုက်ကော်မတီ၏ လှုပ်ရှားမှုဖြင့် သုတ၊ ရသစာအုပ်ပေါင်း ၃၀၀၀ ကျော်ကို ဖတ်ရှုရန်နှင့် ငှားရမ်းပေးရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဆယ်နှစ်တာကာလအတွင်း မည်မျှပင်ဝန်ဆောင်မှုကောင်းစေကာမူ ကိုဗစ် - ၁၉ ရောဂါ ကူးစက်မှုကာလအလွန် စာဖတ်သူနှင့် စာငှားသူများ လျော့ကျခြင်း၊ အဆောက်အဦကြံ့ခိုင်မှု အားနည်းလာခြင်း ပရိဘောဂလိုအပ်ချက်များအတွက် တာဝန်ရှိသူတို့က ဆက်လက်ဖြည့်ဆည်း လုပ်ဆောင်သွားရန် လိုအပ်လျက်ရှိသည်။

မြန်မာ့မျက်ပွင့်စာကြည့်တိုက်ကို ဆရာကြီးဇေယျ၏ စာအုပ်အမည်ဖြင့် ဂုဏ်ပြုတည်ထောင်ခဲ့ခြင်းဖြစ်၍ စာကြည့်တိုက်(၁၀)နှစ်ပြည့် အကြိုကာလတွင် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများနှင့် ကြုံကြိုက်တိုက်ဆိုင်နေသဖြင့် ဆရာကြီး၏ လူငယ်များ စာပေလိုက်စားရန် အရေးကြီးပုံနှင့် စာပေ၏ တန်ဖိုးကြီးမားပုံတို့ကို ဖော်ညွှန်းသည့် စာပေအချို့ကို တင်ပြအပ်ပါသည်။

ဆရာကြီးက စာကောင်းပေကောင်း ဖတ်ရှုဆည်းပူးရန် အရေးကြီးပုံနှင့်ပတ်သက်၍ **"စာပေသည် လူတို့၏စိတ်၌ဖြစ်၏။ လူတို့၏စိတ်၌ ကိန်းအောင်းတတ်၏။ စာပေသည် လူတို့၏စိတ်ကို ပြုပြင်နိုင်စွမ်းကား ကြီးမားစူးရှလှသော တန်ခိုးသတ္တိရှိ၏။ လူတို့ကို ကောင်းရာသို့လည်း ပို့နိုင်၏။ နတ်ပြည်နတ်ရွာအထိ ဆွဲဆောင်ပို့သသူမှာလည်း စာပေပင်ဖြစ်၏။ ဆိုးသွမ်းမိုက်မဲအယူမှောက်မှား ငရဲသို့ သွားစေသည်မှာလည်း စာပေပင်ဖြစ်၏။ စာပေဆိုတိုင်း ဟုတ်လိမ့်နိုးနိုး မကိုးစားအပ်ချေ။ ကောင်းကျိုးပေးစွမ်းနိုင်သော စာကောင်း၊ ပေကောင်းတို့ကို ဖတ်ရှုဆည်းပူးမိရန် အရေးကြီးပေသည်။ စာပေအသိပညာကင်းမဲ့သော လူရမ်းကားတို့၏ စိတ်သည် ဆင်ရိုင်းကြီးတစ်ကောင်ပမာ တွေ့သမျှ မြင်သမျှ ထိုးသတ်ဖျက်ဆီးတတ်သဖြင့် မကောင်းမှုအပေါင်းတို့၏ စတင်မြစ်ဖျားခံရာဟုလည်း ဆိုရမည်ဖြစ်လေသည်"ဟူ၍ ရေးသားခဲ့ဖူးသည်။ (၁၉၆၃-ခုနှစ်၊ စာသဘင်)**

"ခေးသွားထက်၊ ကလောင်သွားထက်ပုံနှင့် ပတ်သက်၍ ဆရာကြီးက ခေးသွားထက် ကလောင်သွားထက်သည်ဟု ဆိုကြ၏။ ထိုစကားအလွန်မှန်၏။ မှန်သလောက်တာဝန်ကြီး၏။ ခေးသွားထက်လျှင် လူတစ်ထောင်၊ လူတစ်သောင်းလောက် သေကျေနိုင်၏။ ကလောင်ထက်လျှင်မူကား လွတ်လပ်ရေးပျောက်၍ လူမျိုးတစ်မျိုးလုံး သေနိုင်၏"ဟူ၍ ရေးသားဆုံးမခဲ့သည်။ **(၁၉၇၄ - ခုနှစ်၊ မြန်မာ့မျက်ပွင့် စာခလေ့)**

## စာပေ၏ အကြီးဆုံးဆု

"အနန္တသူရိယ အမတ်ကြီးသည် သူရေးသီခဲ့သောစာကြောင့် သေပွဲဝင်ခဲ့ရ၏။ သို့သော် ဤအလင်္ကာအတွက်ရသောဆုကား ကြီးမားလှပေ၏။ ဒေါသမာနနှင့် အမျက်ဒေါသပြင်းထန်လှသော ဘုရင်အား ယဉ်ကျေးသွားအောင် ဆုံးမနိုင်ခဲ့၏။ ယင်းနောက် ရာဇဝတ်ဘေးသင့်သူတို့မှာ မှားသည်မှန်သည် အယူခံမရှိ သေရမည့်ဘေးမှ လွတ်မြောက်ကြ၏။ ဆုငွေလာဘ်ငွေထက် အဖိုးတန်လှ၏။ ကြီးစွာသော အဘယဒါန ကုသိုလ်ကြီးဖြစ်၏။ ဤအလင်္ကာအတွက် အနန္တသူရိယရသော ဆုကားလောက၌ အကြီးတကာ့ အကြီးဆုံးဖြစ်၏။" ဟု ရေးသားခဲ့ပြန်သည်။ **(၁၉၇၄ - ခုနှစ်၊ မြန်မာ့မျက်ပွင့် စာခလေ့)**

ဆရာကြီးအား ထာဝရဂုဏ်ပြုလေးစားသောအားဖြင့် မြန်မာ့မျက်ပွင့်စာကြည့်တိုက်၏ ရှေ့တွင် ဆရာကြီး၏ အထိမ်းအမှတ်ရုပ်တုကို ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပါသည်။ ဆရာကြီး ဇေယျ (ဦးယော) ကို ၁၉၀၀ ပြည့်နှစ်တွင် သာယာဝတီခရိုင် ဇီးကုန်းမြို့၌ အဘ ကျက်သရေဆောင် ရွှေစလွယ်ရ သစ်တောဝန်ထောက်ကြီး ဦးခလယ်၊ အမိ ဒေါ်ရွှေကြိုးတို့က ဖွားမြင်သည်။ စစ်ပြီးခေတ် ပြန်ကြားရေးဌာနတွင် ဝင်ရောက်အမှုထမ်းပြီး ညွှန်ကြားရေးဝန်ရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။ မြန်မာ့နိုင်ငံ သမိုင်းကော်မရှင်၊ စာပေဗိမာန်ဆုရွေးချယ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ ဆရာကြီး၏ ဝတ္ထု၊ ဆောင်းပါးတို့မှာ ခေတ်အဆက်ဆက် ရှင်သန်လျက်ရှိပြီး ယင်းတို့အထဲတွင် မြန်မာ့မျက်ပွင့်စာအုပ်မှာ ထူးခြားသော ဂန္ထဝင်မြောက်လက်ရာဖြစ်သည်။ ဆရာကြီးသည် ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတော်မှ ဝဏ္ဏကျော်ထင်ဘွဲ့၊ ၁၉၅၅ ခုနှစ်တွင် သီရိပျံချီဘွဲ့တို့ကို ချီးမြှင့်ခြင်းခံရသည်။ ၁၉၆၁ ခုနှစ်တွင် မြန်မာ့မျက်ပွင့် ရှာခလေ့လှူ့ခလေ့စာအုပ်ဖြင့် စာပေဗိမာန် စာပဒေသာဆုရရှိခဲ့ပါသည်။

ဆရာကြီးသည် မြန်မာ့လူ့ဘောင်အတွက် တန်ဖိုးကြီးမားသော စာကောင်းပေမွန်များကို ရေးသားပြုစုထုတ်ဝေရင်း ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ချမ်းသာလမ်း အိမ်အမှတ်(၅)တွင် ကွယ်လွန်ခဲ့ပါကြောင်း မြန်မာ့မျက်ပွင့်စာကြည့်တိုက် (၁၀) နှစ်ပြည့်အား ဂုဏ်ပြုကြိုဆိုလျက် ရေးသားတင်ပြအပ်ပါသည်။ ။


**❂ "စာပေသည် လူတို့၏စိတ်၌ဖြစ်၏။ လူတို့၏စိတ်၌ ကိန်းအောင်းတတ်၏။ စာပေသည် လူတို့၏စိတ်ကို ပြုပြင်နိုင်စွမ်းကား ကြီးမားစူးရှလှသော တန်ခိုးသတ္တိရှိ၏။ လူတို့ကို ကောင်းရာသို့လည်း ပို့နိုင်၏။ နတ်ပြည်နတ်ရွာအထိ ဆွဲဆောင်ပို့သသူမှာလည်း စာပေပင်ဖြစ်၏။ ဆိုးသွမ်းမိုက်မဲအယူမှောက်မှား ငရဲသို့ သွားစေသည်မှာလည်း စာပေပင်ဖြစ်၏။ စာပေဆိုတိုင်း ဟုတ်လိမ့်နိုးနိုး မကိုးစားအပ်ချေ။ ကောင်းကျိုးပေးစွမ်းနိုင်သော စာကောင်း၊ ပေကောင်းတို့ကို ဖတ်ရှုဆည်းပူးမိရန် အရေးကြီးပေသည်။ စာပေအသိပညာကင်းမဲ့သော လူရမ်းကားတို့၏ စိတ်သည် ဆင်ရိုင်းကြီးတစ်ကောင်ပမာ တွေ့သမျှ မြင်သမျှ ထိုးသတ်ဖျက်ဆီးတတ်သဖြင့် မကောင်းမှုအပေါင်းတို့၏ စတင်မြစ်ဖျားခံရာဟုလည်း ဆိုရမည်ဖြစ်လေသည်" ဟူ၍ ရေးသားခဲ့ဖူး**

# ငုံးမွေးမြူရေးအကြောင်း တစေ့တစောင်း

ဒေါက်တာခင်(မွေး-ကု)

ငုံးကို ဂျပန်နိုင်ငံ၌ ၁၂ ရာစုနှစ်ခန့်က စတင်၍ အိမ်မွေးသတ္တဝါအဖြစ် မွေးမြူခဲ့ကြသလို အသားနှင့်ဥအတွက်လည်း မွေးမြူခဲ့ကြသည်။ ဝပ်ရက်နည်းခြင်း၊ စောစီးစွာအရွယ်ရောက်ခြင်း၊ ဥနှုန်းကောင်းခြင်းနှင့် မီးလွတ်ချိန်မှစ၍ အခြားသတ္တဝါများထက် ရာသီဥတုနှင့် ရောဂါဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ငုံးဥနှင့်ငုံးသားမှာ အာဟာရဖြစ်စေခြင်းများကြောင့် စီးပွားဖြစ် မွေးမြူလာကြပေသည်။

ငုံးဥသည် ကြက်ဥထက် စွမ်းအင်၊ ပရိုတင်း၊ ဗီတာမင်စသည့် အာဟာရဓာတ်များ ပိုမိုကြွယ်ဝစွာပါဝင်သည်။ ကြက်ဥတစ်ပိဿာ ထုတ်လုပ်မှုထက် ငုံးဥတစ်ပိဿာ ထုတ်လုပ်မှုစရိတ်သည် များစွာ သက်သာမှုရှိသည့်အပြင် ကြီးထွားမှုမြန်သဖြင့် ငုံးဥ၊ ငုံးအသားများ အချိန်တိုအတွင်း ထုတ်လုပ်နိုင်သည်။ ငုံးမွေးမြူခြင်းသည် ကာလတို အတွင်း အကျိုးအမြတ် မြန်ဆန်စွာရရှိပြီး စနစ်တကျမွေးမြူပါက ကူးစက်ရောဂါဖြစ်ပွားမှုလည်း နည်းပါးသဖြင့် မိသားစုဝင်ငွေအတွက် တွက်ခြေကိုက်သော လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ ၂၀၂၃ တိရစ္ဆာန်ကောင်ရေစာရင်းအရ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ငုံးကောင်ရေ ၁၃ သိန်းနီးပါး မွေးမြူထားရှိပြီး ရန်ကုန်နှင့် စစ်ကိုင်း တိုင်းဒေသကြီးတွင် အများဆုံးမွေးမြူထားကြသည်။




တိုင်းဒေသကြီးအလိုက် မွေးမြူထားသော ငုံးကောင်ရေ (source တိ-ကောင်ရေစာရင်း ၂၀၂၃)။

### ကမ္ဘာတစ်လွှား ငုံးမျိုးစိတ်များ

ငုံးဆိုသည်မှာ မြေကြီးပေါ်တွင် အသိုက်ပြုလုပ် နေထိုင်တတ်သော ရစ်ငှက်မျိုးနွယ်ဝင် ငှက်အမျိုးအစားဖြစ်ပြီး ခန္ဓာကိုယ်အရွယ်အစား သေးကာ ခြေတံတိုသည်။ ငုံးထီးနှင့်ငုံးမသည် အရောင်အဆင်းချင်း မတူကြချေ။ ငုံးမသည် သာယာသောအသံကို ပြုတတ်ပြီး ငုံးထီးများ သည် မြည်တွန်သံပိုကျယ်သည်။ ငုံးကို ကောက်ရိုးပြတ်နှင့် မြက်တောပေါများရာ လွင်ပြင်များတွင် တွေ့ရပြီး ကိုက်အနည်းငယ်မျှ လျင်မြန်စွာ ပျံသန်းပြီးလျှင် ချုံပုတ်ထဲသို့ဝင်၍ ခိုအောင်းနေတတ်သည်။ ခရီးဝေး မပျံသန်းနိုင်ချေ။

ကမ္ဘာတစ်ဝန်းတွင် တောငုံးမျိုးစိတ် (wild quail) အမျိုး ၂၀ နှင့် အိမ်မွေးငုံးမျိုးစိတ် (domestic quail) အမျိုး ၇၀ ကျော်ရှိပြီး ၎င်းတို့၏ အရွယ်အစားနှင့် အသွင်အပြင်ကိုလိုက်ကာ အနည်းငယ်မျှသာ ကွာခြားပါသည်။ တောငုံးတစ်ကောင်၏ သက်တမ်းသည် တစ်ခါတစ်ရံတွင် လေးနှစ်အထိ အသက်ရှင်နိုင်သော်လည်း များသောအားဖြင့် တစ်နှစ်ခွဲသာဖြစ်သည်။ အရွယ်ရောက်သောငုံးများသည် ပျမ်းမျှအားဖြင့် ၁၁ လက်မ အရှည်ရှိပြီး အလေးချိန် ၅ ဒသမ ၁ မှ ၆ ဒသမ ၅ အောင်စ (၁၆၀ မှ ၂၀၀ ဂရမ်အထိ) ရှိနိုင်သည်။ ကမ္ဘာပေါ်တွင် တွေ့ရသော ငုံးမျိုးစိတ်များမှာ Common quail, Japanese quail, Blue – breasted quail နှင့် Rain quail တို့ ဖြစ်သည်။

၎င်းတို့အနက် စီးပွားဖြစ်မွေးမြူမှုအများဆုံးငုံးမှာ Japanese quail ဖြစ်ပြီး တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဥစားရန်နှင့် ဥရောပနှင့် အမေရိကန်နိုင်ငံများတွင် အသားအတွက် အဓိကထား မွေးမြူကြသည်။ မြန်မာနိုင်ငံတွင်မူ Common quail ကိုတာနစ်ငုံး (Coturnix coturnix) နှင့် Japanese quail ဂျပ္ပန်နီကာငုံး (Coturnix japonica)တို့ကို ဥနှင့် အသားအတွက် စီးပွားဖြစ် အများဆုံး မွေးမြူကြသည်။ တစ်နှစ်လျှင် ဥ ၂၀၀ မှ ၃၀၀ အထိ ထွက်ရှိနိုင်သည်။



ကိုတာနစ်ငုံး။

### ငုံးစတင်မွေးမြူခြင်း

ငုံးစတင်မွေးမြူသူများသည် ပေါက်ခါစ နှစ်ရက်သား၊ ခုနစ်ရက်သား၊ ၁၄ ရက်သား၊ ၄၅ ရက်သား စသည်ဖြင့် မိမိနှစ်သက်ရာ ငုံးအရွယ်အစား ရွေးချယ်မွေးမြူနိုင်သည်။ ငုံးပေါက်စမှ ၂၁ ရက်သားအထိ အနွေးပေးမွေးမြူရပြီး ဂရုပြုစောင့်ရှောက်ပေးရန် အထူးလိုအပ်သည်။ အပူငွေ့ဓာတ် အဆက်ပြတ်သွားပြီး အအေးဒဏ်ခံရပါက ငုံးကလေးများ သေကျေပျက်စီးတတ်သည်။ အနွေးပေးအပူချိန်လိုအပ်ချက်မှာ-

၀-၁ ပတ်သား ငုံးငယ်လေးများ ၃၈˚C

၁-၂ ပတ်သား ငုံးငယ်လေးများ ၃၅ ˚C

၂-၃ ပတ်သား ငုံးငယ်လေးများ ၃၂ ˚C

၂၁ ရက်အထက် အခန်းအပူချိန်အတိုင်း ဖြစ်သည်။

သုံးပတ်သားအရွယ်သည် ငုံးများ မီးလွတ်သည့်အရွယ် ဖြစ်သော်လည်း ရာသီဥတု အေးမြသည့်အခါများတွင်မူ လေးပတ်သားအထိ အနွေးပေးရသည်။ အပူချိန်များလွန်းပါက အမွေးအတောင်စုံလင်ချိန် နောက်ကျ၍ အပူချိန်နည်းလွန်းပါက တစ်ကောင်နှင့်တစ်ကောင် စုပြုံ၍ ထပ်နေကြသဖြင့် ဖိမိကာ အသေများသည်။ အပူချိန်ကွာခြား လွန်းပါကလည်း ပုံမှန်လှုပ်ရှားမှုနှင့် ကြီးထွားမှုကို ထိခိုက်စေသည်။ ထို့ကြောင့် ငုံးများ၏အနေအထား ပတ်ဝန်းကျင်အပူအအေးကို အကဲခတ်ကာ အပူချိန်ကို ထိန်းညှိပေးရသည်။

ငုံးငယ်၊ ငုံးလတ်များကို မွေးမြူရာတွင် အခင်းခင်းသော ရိုင်ဝိုင်း၍ မွေးမြူခြင်း၊ လှောင်အိမ်တွင်းထည့်၍မွေးခြင်းဖြင့် မွေးမြူနိုင်ပြီး ငုံးမကြီးများကို လှောင်အိမ်ကြီးများဖြင့် မွေးမြူကြသည်။ ငုံးကို ကြက်ကဲ့သို့ အခင်းထူစနစ်ဖြင့် မွေးမြူနိုင်သည်။ အခင်းအတွက် ရွှေပေါ်စာ၊ စပါးခွံ၊ မြေပဲခွံစသည်တို့ကို အသုံးပြုနိုင်သည်။ လှောင်အိမ်ကို ဒေသထွက်သစ်ဝါး၊ သံဆန်ခါအသုံးပြု၍ တည်ဆောက်နိုင်သည်။ ငုံးခြံကို လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိမွေးမြူရသည်။ ဥစားအတွက် ငုံးထီးမပါဘဲ ငုံးမများကိုသာ မွေးမည်ဆိုပါက တစ်ပေပတ်လည်ရှိ ခြံတစ်ခြံတွင် ငုံးမကောင်ရေ ငါးကောင် မွေးမြူနိုင်ပါသည်။ မျိုးဥများအတွက် မွေးမည်ဆိုပါက တစ်ပေပတ်လည် ခြံတစ်ခြံတွင် ငုံးအမ သုံးကောင်၊ အထီး တစ်ကောင်နှုန်း ထားရှိမွေးမြူရပါမည်။ ဥထုတ်လုပ်မှု လျင်မြန်စွာရလိုပါက အသက် လေးပတ်သား အရွယ် ငုံးများကို ရွေးချယ်မွေးမြူသင့်သည်။ ငုံးတစ်ကောင်သည် နှစ်လမှ ရှစ်လအထိ ဥ ဥနှုန်းကောင်းမွန်တတ်ပြီး နောက်ပိုင်းတွင် ဥနှုန်းကျဆင်းသွားလေ့ရှိသည်။ ဥ ဥနှုန်းကျဆင်းသွားသော ငုံးများကို အသားစားသုံးရန်အတွက် ပြန်လည်ရောင်းချနိုင်သည်။ ငုံးအထီးများကို ရက် ၅၀ အထိ မွေးမြူပြီး အသားအဖြစ် ဈေးကွက်သို့ရောင်းချနိုင်ပါသည်။

### ငုံးအထီးအမ ခွဲခြားခြင်း

ငုံးအသက် ၃-၄ ပတ်ခန့်တွင် အထီးအမ ခွဲခြားနိုင်သည်။ ငုံးမများသည် အသက် ၅-၆ ပတ်အရွယ်တွင် ဥချိန်နီး စတင်ဥစမ်းသည့် မတမ်းအရွယ်သို့ ရောက်ရှိကြသည်။ ငုံးမျိုးစိတ်အများစုတွင် အထီးအမကို ၎င်းတို့၏ အမွေးများဖြင့် အလွယ်တကူဆုံးဖြတ်နိုင်သည်။ ငုံးမ၏ ရင်ဘတ်အမွေးမှာ အညိုဖျော့ရောင် အစက်အပြောက်များဖြင့် ဘယက်ကဲ့သို့ရှိပြီး အထီးများတွင် ညိုမည်းရောင် (အနီညိုရောင်) လည်ပင်းအောက်အမွေးများရှိသော်လည်း အမည်းစက်များ ရှိမည်မဟုတ်ပါ။ ငုံးအထီးများသည် များသောအားဖြင့် ၎င်းတို့၏ နောက်ကျော၊ လည်ပင်းနှင့် ဦးခေါင်းတို့တွင် ပိုမိုတောက်ပသော ရောင်စုံအမွေးများ ရှိကြပြီး ငုံးအမများသည် ရိုးရိုးအရောင်သာဖြစ်သည်။ ငုံးအထီးများ သည် တစ်ကောင်နှင့်တစ်ကောင် ရန်လိုတတ်ပြီး ငုံးမသည် ပို၍ တည်ငြိမ်သည်။ ငုံးအထီးများသည် မိတ်လိုက်ရာသီတွင် အသံကျယ်လောင်စွာခေါ်ဆိုတတ်ကြပြီး ‘အူ’ သည်ဟုပင် ဆိုကြသည်။ ငုံးထီးများသည် များသောအားဖြင့် မိတ်လိုက်ခြင်းကြောင့် ၎င်းတို့၏ ဦးခေါင်းနှင့်နောက်ကျောတွင် အမွေးများ ဆုံးရှုံးလေ့ရှိသည်။ Coturnix ငုံးအထီးများသည် မျိုးပွားသည့် အခြေအနေတွင်ရှိသောအခါ ၎င်းတို့၏ စအိုအပေါ်ပိုင်းရှိ ဂလင်းမှ အဖြူရောင်အမြှုပ်များ ထွက်လာလေ့ ရှိသည်။ သာမန်အားဖြင့် ငုံးမသည် ငုံးထီးထက် အရွယ်ကြီးသည်။

### ငုံးနှင့်အလင်းရောင်

အလင်း၏အရောင်အသွေးသည် ငုံးများ၏ ကြီးထွားခြင်း၊ အရွယ်ရောက်ခြင်း၊ မျိုးအောင်ခြင်း၊ ဥဥခြင်းနှင့် ဥဥချိန်တို့နှင့် ဆက်စပ်မှုရှိသည်။ တစ်နေ့အလင်းရောင် ၁၄ နာရီ ရရှိသောငုံးများသည် ၇-၈ ပတ်အရွယ်တွင် ဥနှုန်းမြင့်မားစွာ ဥတတ်သည်။ ငုံးမွေးမြူရေး ခြံသည် မွေးမြူပြီး ၉ ရက်မှ စတင်၍ သဘာဝမှရရှိသည့် နေရောင်ခြည်အလင်းအပါအဝင် နေ့စဉ် ၁၆ နာရီဝန်းကျင် အလင်းရောင် ရရှိစေသင့်သည်။ ငုံးဥထွက်နှုန်းမှာ အပြာရောင်အလင်းနှင့် နှိုင်းယှဉ်ပါက အနီရောင်အလင်းတွင် ပိုမိုငုံးဥဥကြောင်း လေ့လာတွေ့ရှိရသည်။ အစိမ်း (သို့) အပြာရောင် မီးအောက်တွင် မွေးမြူထားသော ၅ ပတ်သားအရွယ် အထီးအမများသည် အနီအလင်းရောင်တွင် မွေးမြူသည့် ငုံးများထက် ကြီးထွားနှုန်း နှေးတတ်ကြသည်။

### အစာကျွေးခြင်း

ဥဥနှုန်းကောင်းခြင်း၊ မျိုးအောင်ခြင်း၊ ကြီးထွားနှုန်းကောင်းခြင်း စသည့် အရည်အသွေးများ ရရှိရန်အတွက် အစာသည် မျိုးနှင့်ဒွန်တွဲ အရေးပါလှသည်။ ငုံးစာတွင်ပါဝင်ရမည့် အစာများမှာ ကြက်စာတွင် ထည့်ရသည့် အစာများနှင့် တူညီသည်။ ပါဝင်သောအချိုးအစားသာ ကွာခြားသည်။ ငုံးသည် အဖြစ်မြန်သော သတ္တဝါဖြစ်သဖြင့် အစာတွင် အသားဓာတ်ပရိုတင်း(Protein) ၂၅ – ၃၀ ရာခိုင်နှုန်းအထိ ပါရှိရန် လိုအပ်သည်။ ပရိုတင်းသည် ခန္ဓာကိုယ်ကြီးထွားရန်နှင့် ငုံးဥဥရန်အတွက် လိုအပ်သည်။ အသားဓာတ်ကို မြေပဲဖတ်၊ နှမ်းဖတ်၊ ပဲပုပ်ဖတ်၊ ငါးပေါင်းမှုန့်၊ ငါးခြောက်တို့မှ အဓိကရရှိနိုင်၍ ပြောင်း၊ ဆန်ကွဲ၊ ဖွဲနုတို့မှ အနည်းငယ်ရရှိနိုင်သည်။ ငုံးစာတွင် အာဟာရဖြစ်စေမည့် ဗီတာမင်များနှင့် သတ္တုဓာတ်များပါဝင်ရန်နှင့် မီသီအိုနင်းနှင့် လိုင်စင်း စသည့် အမိုင်နိုအက်စစ် နှစ်မျိုးကိုလည်း ဖြည့်စွက်ကျွေးရန် လိုအပ်သည်။ ငုံးများတွင် ဗီတာမင်ချို့တဲ့ပါက ဥဥနှုန်းကို ထိခိုက်စေသည့်အပြင် သက်တမ်းကိုလည်း တိုစေသည်။ ငါးခြောက်တွင်ပါဝင်သော မီသီအိုနင်း(Methionine)သည် ဥစုံချိန် ကောင်းစေသည်။ သို့သော် အစာတွင် အဆီဓာတ်ပါဝင်မှုနှုန်း များပြားခြင်းသည် ငုံးများကို အသေအပျောက်များစေသည်။ ထို့ပြင် ထုံးကျောက်မှုန့် နည်းပါကလည်း ငုံးများဥဥရာတွင် အခွံများပါးပြီး ပျော့နေတတ်သည့်အတွက် သတ္တုဓာတ်များဖြစ်သည့် ကယ်လ်စီယမ်၊ ဖော့စ်ပိုရပ်၊ ဖော့စ်ဖရပ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ဆာလ်ဖာနှင့် ဆိုဒီယမ်ကလိုရိုက်တို့ကို ချိန်ဆ၍ ထည့်သွင်းကျွေးမွေးရမည်။

ငုံး၏ခန္ဓာကိုယ်တွင် ရေဓာတ် ၇၀ ရာခိုင်နှုန်း ပါဝင်ဖွဲ့စည်းထားသဖြင့် ငုံးများ လတ်ဆတ်သန့်ရှင်းသည့်သောက်ရေ လုံလောက်စွာ ရရှိရန် အရေးကြီးသည်။ ငုံးများစားသုံးသည့် အစာခြောက်အလေးချိန်၏နှစ်ဆခန့် ရေသောက်ရရန် လိုအပ်ပါသည်။ ပတ်ဝန်းကျင် အပူချိန် မြင့်သည့် အပူပိုင်းဒေသများတွင် ရေပို၍လိုအပ်သည်။ အစာတွင် ဆားပါဝင်မှုများခြင်း ဖြစ်ပါကလည်း

*စာမျက်နှာ ၁၈ သို့*

**ငုံးဥသည် ကြက်ဥထက် စွမ်းအင်၊ ပရိုတင်း၊ ဗီတာမင်စသည့် အာဟာရဓာတ်များ ပိုမိုကြွယ်ဝစွာပါဝင်သည်။ ကြက်ဥတစ်ပိဿာ ထုတ်လုပ်မှုထက် ငုံးဥတစ်ပိဿာ ထုတ်လုပ်မှုစရိတ်သည် များစွာသက်သာမှုရှိသည့်အပြင် ကြီးထွားမှုမြန်သဖြင့် ငုံးဥ၊ ငုံးအသားများ အချိန်တိုအတွင်း ထုတ်လုပ်နိုင်သည်။ ငုံးမွေးမြူခြင်းသည် ကာလတိုအတွင်း အကျိုးအမြတ် မြန်ဆန်စွာရရှိပြီး စနစ်တကျမွေးမြူပါက ကူးစက်ရောဂါဖြစ်ပွားမှုလည်း နည်းပါးသဖြင့် မိသားစုဝင်ငွေအတွက် တွက်ခြေကိုက်သော လုပ်ငန်းတစ်ခုလည်းဖြစ်သည်**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ






ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇူလိုင် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှသွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Galvanized Iron Pipe ၃၂၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၄၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ကုန်သေတ္တာ ၂ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် 100% Polyester Fabric ၁၂၆၀၀၀ မီတာနှင့် Galvanized Iron Pipe ၁၂၇၈၀၉ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၄၇၉၂၃၀) ကိုလည်းကောင်း၊ သီလဝါကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Rechargeable Sealed Lead Acid Battery အလုံး ၅၀၀၀ အပါအဝင် ကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၈၇၅၉၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကားအပိုပစ္စည်း High Beam LED Lamp အခု ၃၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၅၅၉၃၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် လျှပ်စစ်ပန်ကာအလုံး ၅၀၊ အင်ဒိုနီးရှားနိုင်ငံထုတ် Crunch Roll Chocolate အထုပ် ၄၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အလုံမြို့နယ် သစ်တောလမ်း စောရန်ပိုင်အနောက်ရပ်ကွက် အမှတ်(၂)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Computer Accessories Graphic Tablet ၁၂၃ လုံးနှင့် ကလေးကစားစရာပစ္စည်း ၁၀၀ ကီလိုဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၄ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၉၁၉၃၃၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အရေးပေါ်မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်

**ကျောက်ပန်းတောင်း ဇူလိုင် ၅**

အရေးပေါ်မီးငြိမ်းသတ်နည်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ကျောင်းသား၊ ကျောင်းသူများ မျက်မြင်ကိုယ်တွေ့ လေ့လာသိရှိနိုင်စေရန်အတွက် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနက အရေးပေါ် မီးငြိမ်းသတ်နည်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၅ ရက်က သီရိမင်္ဂလာရပ်ကွက်ရှိ မြို့ရှေ့အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်က အရေးပေါ် မီးငြိမ်းသတ်နည်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသဆောင်ရွက်ရသည့် လုပ်ငန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်းများကို အစုအဖွဲ့အလိုက် ဆောင်ရွက်ပြသကြသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူးက ခင်းကျင်းပြသထားသည့် အရေးပေါ် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများကို



လိုက်လံရှင်းလင်းပြသရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဆရာ ဆရာမများက လိုက်လံကြည့်ရှုလေ့လာကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့ရှေ့အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၂၂၀ တက်ရောက်ကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား အခမဲ့ခွဲစိတ်ကုသမှုပေး

**ရန်ကုန် ဇူလိုင် ၅**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်တွင် ပါမောက္ခချုပ်၏ ညွှန်ကြားမှုဖြင့် မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာထွန်းငွေ ဦးဆောင်သော အထူးကုဆရာဝန် သုံးဦး၊ မေ့ဆေးဆရာဝန်တစ်ဦး၊ သူနာပြု ငါးဦးနှင့် အထောက်အကူပြုဆရာဝန် ၁၁ ဦး ပါဝင်သောအဖွဲ့သည် ဇွန် ၂၅ ရက်မှ ဇူလိုင် ၄ ရက်အထိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - ရန်ကုန်၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနနှင့် ခုတင် ၅၀ ဆံ့ သင်ကြားရေးဆေးရုံတွင် ပဲခူးတိုင်းဒေသကြီးမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ခုနစ်ဦး စုစုပေါင်း ၁၃ ဦးတို့ကို အခမဲ့ခွဲစိတ်ကုသမှုပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

*စာမျက်နှာ ၁၇ မှ*

ရေပို၍လိုအပ်ပါမည်။ မွေးမြူရာတွင် ရေမပြတ်စေရန် အမြဲဂရုစိုက်ရမည်။ ရေသည် အစာကို ကြေညက်စေပြီး ခန္ဓာကိုယ်အပူချိန်ကို ဟန့်တားရာတွင် အထောက်အကူဖြစ်သည်။ ရေကို နေ့စဉ်လဲပေးရန် လိုအပ်ပြီး သန့်ရှင်းအောင် ပြုလုပ်ပေးရမည်။

### ကာကွယ်ဆေးပေးခြင်း

ငုံးပေါက်များ တစ်ရက်သားတွင် မားရက်ရောဂါ(Marek) ကာကွယ်ဆေးကို အရေပြားအောက်တွင် ပေးရမည်။ ငုံးအသက် ၇-၁၀ ရက်အတွင်း လည်လိမ်ရောဂါနှင့် လေပွွန်ရောင် ရောဂါကာကွယ်ဆေးကို နှာခေါင်းအစက်ချ (သို့) မျက်စဉ်းခတ် ကာကွယ်ဆေးပေးရမည်။ ငုံးအသက် ၁၄ ရက်တွင် ကျောက်ရောဂါကာကွယ်ဆေး (တောင်ပံခြစ်ဆေး)ပေးရမည်။ ငုံးအသက် ၂၈ ရက်တွင် လည်လိမ်ရောဂါနှင့် လေပြွန်ရောင်ရောဂါကာကွယ်ဆေးကို သောက်ရေတွင် ထည့်တိုက်ရမည်။ ၃-၄ လ ကြာတိုင်း လည်လိမ်ရောဂါ (ရေဖျော်)ကာကွယ်ဆေးကို တိုက်ကျွေးရမည်။

### ဖြစ်ပွားတတ်သည့် ငုံးရောဂါများ

ငုံးပေါက်စအရွယ်တွင် အအေးမိခြင်း၊ အပူမိခြင်း၊ တစ်ကောင်နှင့်တစ်ကောင် ဖိမိခြင်း၊ အခင်းထူစနစ်ဖြင့်ထားပြီး ရေခွက်နှင့်အရွယ် မမျှခဲ့သော် ရေနစ်ခြင်း စသည်တို့ကြောင့် သေကျေတတ်သည်။ သုံးပတ်သားအရွယ်မှ ကျော်လွန်လာသည့်အခါ ရောဂါဒဏ်ကို ခံနိုင်ရည်ရှိလာသည်။ ငုံးကြီးဘဝတွင် အာဟာရဓာတ်ပြည့်စုံစွာ အချိုးအစားမညီမျှမှုကြောင့် အာဟာရချို့တဲ့သောရောဂါများ ဖြစ်လေ့ရှိသည်။

ငုံးအများစုတွင် ဖြစ်ပွားတတ်သောရောဂါမှာ မားရက်ရောဂါဖြစ်သည်။ DNA Cell associated herpes virus ကြောင့်ဖြစ်ပြီး ငုံးများမှိုင်ကုပ်ခြင်း၊ အစာစားနည်းခြင်း၊ ဝမ်းသွားခြင်း၊ အသက်ရှူပြင်းခြင်း၊ အာရုံကြောထိ၍ ဘေးတစောင်းလဲခြင်း၊ လည်ပင်းလိမ်ခြင်းများ ဖြစ်ပေါ်တတ်ပြီး သေဆုံးမှုရှိနိုင်သည်။

လည်လိမ်ရောဂါ(Newcastle disease)သည် Paramyxovirus type 1 ကြောင့်ဖြစ်ပြီး ငုံး၏အူလမ်းကြောင်း၊ အသက်ရှူလမ်းကြောင်းနှင့် အာရုံကြောများထိခိုက်မှုရှိ၍ ပြင်းအားများသည့် virus ပိုးကြောင့်ဖြစ်ပါက ရောဂါလက္ခဏာမပြဘဲ ရုတ်တရက်သေဆုံးမည်။ သေဆုံးနှုန်း များနိုင်သည်။ ပြင်းအားအသင့်အတင့်ရှိသော virus ပိုးကူးစက်ခံရပါက အသက်ရှူစဉ် ချွဲသံကြားခြင်း၊ မျက်ရည်ကျ၍ မျက်နှာရောင်ခြင်း၊ ဥငုံးမများရုတ်တရက် ဥနှုန်းကျခြင်း၊ ပုံသဏ္ဌာန်မမှန်ဥများ ဥချတတ်ပြီး အစိမ်းရောင်ဝမ်းသွားခြင်းများတွေ့ရတတ်သည်။

ငုံးအသက်အရွယ်မရွေး ဖြစ်ပွားနိုင်သောရောဂါမှာ ချေးဖြူရောဂါ (Pullorum disease) ဖြစ်သည်။ Salmonella pullorum bacteria ကြောင့်ဖြစ်ပြီး မျိုးငုံးမကြီး၏ မျိုးဥမှတစ်ဆင့် ငုံးပေါက်များတွင် ရောဂါပါရှိဖြစ်ပွားတတ်သည်။ အဖြူရောင်ဝမ်းသွားခြင်း၊ မှိုင်ကုပ်ခြင်း၊ အသက်ရှူရခက်ခြင်း၊ ဥဥနှုန်း၊ သားအောင်နှုန်းကျဆင်းခြင်း စသည့်လက္ခဏာများ တွေ့ရတတ်သည်။ မိဘငုံးများအား ချေးဖြူရောဂါရှိ/မရှိစစ်ဆေးပြီး ရောဂါကင်းသည့် ငုံးကိုသာ မျိုးအဖြစ်အသုံးပြုခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။

ထိန်းသိမ်းစောင့်ရှောက်မှုညံ့ဖျင်းခြင်း၊ သန့်ရှင်းမှုမရှိခြင်း၊ ရောဂါပိုးပါဝင်သည့်အစာနှင့် ရေများကို စားသုံးခြင်းတို့ကြောင့် သွေးဝမ်းရောဂါ (Coccidiosis) နှင့် အူရောင်ရောဂါ (Ulcerative enteritis by Clostridium colinum and E.coli) ကိုလည်း တွေ့ရတတ်သည်။ ငုံးအသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည်။ ရောဂါဖြစ်ပါက coccidiostats ဆေးများဖြစ်သော Monensin sodium (Coban) နှင့် Amprolium ကို အစာတွင် ရောစပ်ကျွေးမွေးခြင်း၊ ငုံးလတ်အရွယ်မှစတင်၍ သံဆန်ခါအခင်းပေါ်တွင် မွေးမြူခြင်းဖြင့် သွေးဝမ်းရောဂါဖြစ်ပွားနှုန်း လျော့ပါးစေပါသည်။

အူရောင်ရောဂါ (Ulcerative enteritis by Clostridium colinum and E.coli) ဖြစ်ပွားပါက ငုံးအတောင်ကျခြင်း၊ မှိုင်ကုပ်နေခြင်း၊ အစာအစာပျက်ခြင်း၊ ဝမ်းအညိုရောင် အဖြူရောင်များသွားခြင်း စသည့်လက္ခဏာများတွေ့ရပြီး သေနှုန်း ၂၀ ရာခိုင်နှုန်းအထိ ရှိနိုင်ပါသည်။ Amoxicillin, Enrofloxacin နှင့် Ciprocin ဆေးများကို ဆေးညွှန်းအတိုင်းတိုက်ရန် လိုအပ်သည်။ ထို့ပြင် အစာ၊ ရေနှင့် ငုံးလှောင်အိမ်များကို သန့်ရှင်းအောင် ဆောင်ရွက်သင့်ပါကြောင်း ငုံးမွေးမြူသူများ ဗဟုသုတရရှိစေရန် ရေးသားလိုက်ရပေသည်။ ။

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်းပုံစံ (၁၁)ဖြင့်ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံး ပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အစ်ကို ညီပုလေး | ရဲသျှမ်း | ဦးအောင်ဘာလေ<br>စိမ်းလန်းအေး စာအုပ်တိုက် |
| ၂။ | ဒဏ်ရာများရဲ့ရာဇဝင် | ကလောင်စုံ | ဦးဒီကိုမန်း<br>မျှော်လင့်ခြင်းစာပေ |
| ၃။ | ဓမ္မနှင့်နေထိုင်ခြင်း | ဝေမိုး(ကျွန်းလှ) | ဦးထင်ကျော်မိုး<br>အဆန်လမ်းစာပေ |
| ၄။ | သစ်လွင်သောပုံစံဖြင့်ရှင်သန်ခြင်း<br>(စတုတ္ထအကြိမ်) | သက်တန့်(မေရီ) | ဒေါ်မေရီ<br>စိတ်သက်တန့်စာပေ |
| ၅။ | အချစ်တို့ဖြစ်တည်ရာ | မောင်ကြည်ညို<br>(ဝါဏိဇ္ဇ) | ဦးညဏ်အောင်<br>အလင်းသစ်စာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပေါင်မြို့နယ်၌ လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းပြုလုပ်

**ပေါင် ဇူလိုင် ၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇူလိုင် ၅ ရက်က ပေါင်မြို့နယ် (အထက) မုတ္တမကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ (အထက) မုတ္တမကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်သန်းက အမှာစကားပြောကြားပြီး ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် (အထက) မုတ္တမကျောင်းမှ Grade –11 ကျောင်းသူ မကေဇင်မိုး၊ Grade – 10 ကျောင်းသား မောင်ထက်အာကာဝင်း၊ Grade – 10 ကျောင်းသူ မခင်ယမင်းနိုင်၊ Grade –10 ကျောင်းသား မောင်ပြည့်စုံအောင်၊ Grade – 11 ကျောင်းသား မောင်ဖြိုးဖြိုးဦးတို့က လူငယ်ရေးရာများ ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ် အခြေခံကာ မိမိတို့သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြန်လည်ဖြေကြားပေးသည်။



ယနေ့ကျင်းပသော လူငယ်စကားဝိုင်းသို့ (အထက) မုတ္တမကျောင်းမှ ဆရာ ဆရာမများ အပါအဝင် ကျောင်းသား ကျောင်းသူ ၄၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

မွန်မလေး (ပြန်/ဆက်)

# ပဲခူး - ရန်ကုန် ယာဉ်လိုင်း ကိုးလိုင်းကို အောင်မင်္ဂလာအဝေးပြေးကားကြီးဝင်းသို့ ပြောင်းလဲပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၅**

ပဲခူး – ရန်ကုန် ပြေးဆွဲနေသော အဝေးပြေးယာဉ်လိုင်း ကိုးလိုင်းကို အောင်မင်္ဂလာ အဝေးပြေးကားကြီးဝင်းသို့ ပြောင်းလဲပြေးဆွဲသွားမည်ဖြစ်ကြောင်း ပဲခူးအဝေးပြေးကော်မတီဝင် ဦးဘမြင့်က ပြောသည်။

"ပဲခူး – ရန်ကုန် ပြေးဆွဲနေတဲ့ ယာဉ်လိုင်း အားလုံးပေါင်း ၁၀ လိုင်း ရှိပါတယ်။ အဲဒီ ၁၀ လိုင်းမှာ တစ်လိုင်းကတော့ ပဲခူး – ဧရာဝတီတိုင်းအတွက် ဒဂုံဧရာမှာပဲ ဆက်လက်ပြေးဆွဲပြီး ကျန်တဲ့ ယာဉ်လိုင်းကိုးလိုင်းက အောင်မင်္ဂလာကို ရွှေ့ပြီးတော့ ပြေးဆွဲမှာဖြစ်ပါတယ်။ ကျွန်တော်တို့ YRTC ကနေ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုတင်ပြပြီး ခွင့်ပြုချက်ယူတဲ့အခါမှာ ခွင့်ပြုတဲ့အတွက် YCDC နဲ့ ညှိနှိုင်းပြီးတော့ ဂိတ်နေရာလေးကို ရွေးချယ်သတ်မှတ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

YCDC ၏ ခွင့်ပြုချက်အရ ဂိတ် ၁ အနီးတွင် ပေ ၂၀၀ x ပေ ၆၀ ၌ အဆောက်အအုံ ဆောက်လုပ်ပြီး ဂိတ်ဖွင့်လှစ်ကာ ပဲခူး–ရန်ကုန် ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဂိတ်ဆောက်လုပ်မှု ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ယခု ဇူလိုင်လကုန်တွင် ရာခိုင်နှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း ဦးဘမြင့်က ပြောကြားသည်။

"အဲဒီအတွက် ခရီးသည်တွေဟာ အောင်မင်္ဂလာ အဝေးပြေးဝင်း ဂိတ်၁ ရှေ့လမ်းဘေးမှာလာရောက်ပြီး စီးနင်းလို့ရပါတယ်။ တစ်နေ့ကို အစီး ၂၀၊ ၃၀ ရှိနေမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။ လက်ရှိတွင် ပဲခူး–ရန်ကုန် အဝေးပြေးယာဉ်လိုင်းများသည် သတ်မှတ်လမ်းကြောင်းများအတိုင်း ပြေးဆွဲလျက်ရှိကြောင်းနှင့် ပဲခူး–ရန်ကုန် အဝေးပြေးလိုင်း၌ အစီးရေ ၃၉၀ ရှိကြောင်းသိရသည်။ **အာကာလင်း**



မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၅ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၁၅ ကျပ် | ၂၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၁၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၁၆၁ | ၁၀၄၄၉၀၀၀ |
| MTSH | ၃၄၀၀ | ၃၃၅၀ | ၂၂၃၅ | ၇၅၀၀၅၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၄၃ | ၁၉၉၂၆၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၈၀ | ၁၄၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၈၃၇ | ၁၅၀၈၄၅၀ |
| AHPC | ၄၅၀၀ | ၄၇၀၀ | ၁၂၂ | ၅၅၅၄၀၀ |
| MAEPC | ၃၅၅၀ | ၃၆၀၀ | ၁၇၈၂ | ၆၃၃၇၂၀၀ |

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများအတွက် ရုပ်သံထုတ်လွှင့်ခြင်းနှင့်စပွန်ဆာပံ့ပိုးခြင်း သဘောတူစာချုပ် ချုပ်ဆို

ရန်ကုန် ဇူလိုင် ၅




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ်(MNL) ပွဲစဉ်များအတွက် ရုပ်သံထုတ်လွှင့်ခြင်းနှင့် စပွန်ဆာပံ့ပိုးခြင်းအတွက် သဘောတူစာချုပ် ချုပ်ဆိုခြင်း အခမ်းအနားကို ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီက Novotel Yangon Max ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းသိန်းနှင့် လိဂ်ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများမှ ကိုယ်စားလှယ်များ၊ စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ရုပ်သံတိုက်ရိုက်ထုတ်လွှင့်ပြသမည့် Forever Media Group မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ် ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက ၂၀၂၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်များ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ရှင်းလင်းပြောကြားကာ ရုပ်သံထုတ်လွှင့်ခြင်းနှင့် စပွန်ဆာပံ့ပိုးခြင်းများအတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်များ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရောဝတီဘဏ်လီမိတက်က အဓိကစပွန်ဆာအဖြစ် လည်းကောင်း၊ AYA Pay၊ AYA Sompo Insurence၊ Max Cement၊ Mx Energy၊ Alpine သောက်ရေသန့်၊ Fresh AirCon ၊ BYD Mortor Myanmar ၊ CP Five Star၊ M21 Sports Collection ၊ Genius၊ Dong Luc Match Ball တို့က Co-Sponsor များအဖြစ်လည်းကောင်း ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

မြန်မာ နေရှင်နယ်လိဂ်ပွဲစဉ်များအား အများပြည်သူတိုက်ရိုက်ကြည့်ရှုနိုင်ရေးအတွက် Forever Media Group က ရိုက်ကူးထုတ်လွှင့်ပြီး MRTV-4 နှင့် Channel-7 ရုပ်သံလိုင်းများတွင် ၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ပြသသွားမည်ဖြစ်သည်။ ယခုရာသီ MNL ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၂ သင်း၊ MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ရှစ်သင်း၊ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၃ သင်း၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ကိုညီလေး၊ ဓာတ်ပုံ-MFF

## ယူရို ၂၀၂၄ ပြိုင်ပွဲ ကွာတားဖိုင်နယ်

နာမည်ကြီး အင်္ဂလန်၊ နယ်သာလန်အသင်းတို့ပါဝင်သည့် ယူရို ၂၀၂၄ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဇူလိုင် ၆ ရက်ညပိုင်းနဲ့ ဇူလိုင် ၇ ရက် နံနက်ပိုင်းတွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်တာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

| | | | |
|---|---|---|---|
| အင်္ဂလန် | - | ဆွစ်ဇာလန် | ည ၁၀း၃၀ |
| နယ်သာလန် | - | တူရကီယဲ | နံနက် ၁း၃၀ |

# တူရကီယဲကို ကျော်ဖြတ်ပြီး နယ်သာလန် နောက်တစ်ဆင့်တက်ဖွယ်ရှိ

■ မိုးဇက် - ရေးသားသည်

### အင်္ဂလန် VS ဆွစ်ဇာလန်


ဘယ်လင်ဂမ် (တိုက်စစ်)

၃၃ ပွဲကစား ၅ ဂိုးသွင်း


ရှာကာ (ကွင်းလယ်)

၁၂၉ ပွဲကစား ၁၄ ဂိုးသွင်း

၁၆ သင်းအဆင့်မှာ လက်ရှိချန်ပီယံအီတလီကို ဂိုးပြတ်အနိုင်ယူကျော်ဖြတ်ခဲ့တဲ့ ဆွစ်ဇာလန်အသင်းက စလိုဗက်ကီးယားအသင်းကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားပြီး နောက်ဆုံးမိနစ်အပိုင်းအခြားရောက်မှ ဘယ်လင်ဂမ်၊ ကိန်းတို့ရဲ့ သွင်းဂိုးတွေနဲ့ နိုင်ပွဲရရှိခဲ့တဲ့ နမည်ကြီး အင်္ဂလန်အသင်းထက် ခြေစွမ်းသာလွန်မှုရှိတယ်။ ဒါကြောင့် ယခုပွဲစဉ်မှာ ရရှိလာမယ့်အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း မရှိခဲ့ရင် အင်္ဂလန်အသင်း ပေးဆပ်မှုကြီးမားပြီး ပြိုင်ပွဲက နုတ်ထွက်ရနိုင်တယ်။

| အင်္ဂလန်နဲ့ ဆွစ်ဇာလန်အသင်း နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၂ | - | ၁ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၀ | - | ၀ | အင်္ဂလန် |

### နယ်သာလန် VS တူရကီယဲ


ဂက်ပို (တိုက်စစ်)

၂၈ ပွဲကစား ၁၂ ဂိုးသွင်း


ဂူလာ (တိုက်စစ်)

၁၁ ပွဲကစား ၂ ဂိုးသွင်း

နယ်သာလန်ရော တူရကီယဲအသင်းပါ တိုက်စစ်ပိုင်း စွမ်းဆောင်ရည်ကောင်းမွန်မှုရှိတယ်။ ဒါပေမယ့်နောက်ဆုံးသုံးကြိမ် တွေ့ဆုံမှုမှာ တူရကီယဲအသင်းက နှစ်ကြိမ်နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တယ်။ မည်သို့ပင်ဆိုစေ တစ်ဦးချင်းစွမ်းဆောင်ရည်နဲ့ အသင်းလိုက်စွမ်းဆောင်ရည်မှာ သာလွန်အဆင့် တစ်ခုမှာရှိတဲ့ နယ်သာလန်အသင်းကို တူရကီယဲအသင်း ကျော်ဖြတ်ဖို့ မလွယ်ဘူး။ တူရကီယဲအသင်း အခက်တွေ့အောင်သာကစားနိုင်ပြီး နောက်တစ်ဆင့်ကို နယ်သာလန်တက်လှမ်းဖွယ်ရှိတယ်။

| နယ်သာလန်နဲ့ တူရကီယဲအသင်း နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု | | | | |
|---|---|---|---|---|
| နယ်သာလန် | ၆ | - | ၁ | တူရကီယဲ |
| တူရကီယဲ | ၄ | - | ၂ | နယ်သာလန် |

## စံချိန်တင်အောင်မြင်မှုများအတွက် ဆက်လက်ကြိုးပမ်းနေသည့် ရှမ်းယူနိုက်တက်

ရန်ကုန် ဇူလိုင် ၅

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇူလိုင် ၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများ၏ ပြင်ဆင်မှု၊ လိဂ်ပြိုင်ပွဲမတိုင်မီ ကျင်းပသည့် MNL League Cup ပြိုင်ပွဲ စွမ်းဆောင်ရည်များ၊ ရည်မှန်းချက်ကိုယ်စီဖြင့် ယှဉ်ပြိုင်ကြမည့်အသင်းများကြောင့် ယခုရာသီမှာလည်း ပြိုင်ဆိုင်မှုပြင်းထန်သည့်ပွဲကောင်းများဖြင့် စတင်တော့မည်ဖြစ်သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံး ခြောက်ရာသီအတွင်း ငါးကြိမ်အထိ ဖိုလ်စွဲထားသလို စံချိန်တင်နောက်ဆုံးလေးရာသီဆက် ချန်ပီယံဆု ရယူထားနိုင်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲလေးခုအထိ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမဆုံးပြိုင်ပွဲဖြစ်သည့် MNL League Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခဲ့ကာ နောက်ထပ်ပြိုင်ပွဲသုံးခု ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းပြိုင်ပွဲအဖြစ် MNL အမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သလို နိုင်ငံတကာပြိုင်ပွဲများအဖြစ် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် AFC Challenge League ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုရာသီအတွက် ပြင်ဆင်မှုများနှင့်ပတ်သက်၍ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက "ဒီရာသီ MNL အမှတ်ပေးပြိုင်ပွဲက အရင်နှစ်တွေထက် ပိုပြီးပြိုင်ဆိုင်မှုပြင်းထန်နိုင်ပါတယ်။ အသင်းအားလုံးက ပြင်ဆင်ထားတဲ့အတွက် ပွဲတိုင်းက ခက်ခဲမှာဖြစ်သလို ကျွန်တော်တို့အသင်းအနေနဲ့ ချန်ပီယံကာကွယ်ဖို့ တော်တော်ကြိုးစားရမှာပါ။ ဒီရာသီမှာ ကျွန်တော်တို့အသင်းအနေနဲ့ အိမ်ကွင်းပြန်လည်လက်ခံမှာဖြစ်ပြီး ရှမ်းပရိသတ်ရှေ့မှောက်မှာ ပြန်ကစားခွင့်ရမှာပါ။ ဒီရာသီမှာလည်း အောင်မြင်မှုတွေ ထပ်မံရယူနိုင်ဖို့ ကြိုးစားမှာပါ" ဟု ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ အဖွင့်ပွဲအဖြစ် ဇူလိုင် ၇ ရက်တွင် မြဝတီအသင်းနှင့် အိမ်ကွင်း စတင်ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်**

◆ *ကျောဖုံးမှ*

နည်းဗျူဟာကျကျ ပြင်ဆင်ကာ အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအချီတွင် ပြိုင်ဘက်ကစားသမားအနေအထားကို လေ့လာခဲ့ပြီး ပထမအချီပြီးခါနီးမှ စတင်ကာ တိုက်စစ်ဆင်ခဲ့ခြင်း ဖြစ်သည်။ စိုးလင်းဦးသည် ယခုပွဲတွင် လက်သီးချက်များကို အဓိက အသုံးပြုခဲ့ပြီး ဒုတိယအချီ ၂၉ စက္ကန့်တွင် ပင့်လက်သီးဖြင့် ပေါင်ဆီရီ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ စိုးလင်းဦးသည် အလဲထိုးအနိုင်ရခဲ့သဖြင့် ONE Champion-ship အမှုဆောင်အရာရှိချုပ် ချက်သရီဆစ်ယိုထောင်း ချီးမြှင့်သည့် အပိုဆုကြေး ဘတ်သုံးသိန်းခွဲရရှိခဲ့သည်။

စိုးလင်းဦးသည် ONE Cham-pionship နှင့် လက်တွဲအပြီး ယခုနှစ်အတွင်း သုံးပွဲထိုးသတ်ရာ သုံးပွဲစလုံး အလဲထိုးများဖြင့် အနိုင်ရထားသည်။ **ညီမြတ်သော်တာ**

**ဓာတ်ပုံ-ONE Championship**

○ *ကျောဖုံးမှ*

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## အီကွေဒေါကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အာဂျင်တီးနားအနိုင်ရ

ကိုပါအမေရိကပြိုင်ပွဲ ကွာတားဖိုင်နယ်မှ အာဂျင်တီးနားနှင့် အီကွေဒေါအသင်းပွဲစဉ်ကို ဇူလိုင် ၅ ရက် နံနက် ၇ နာရီခွဲက အမေရိကန်ပြည်ထောင်စုတက္ကဆက်ပြည်နယ် ဟူစတန်မြို့ရှိ အင်န်အာရ်ဂျီအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေပြီး ပြတ်သားသည့်ရလဒ်ထွက်ပေါ်ထားခြင်း မရှိသောကြောင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် အာဂျင်တီးနားအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

အီကွေဒေါအသင်းသည် အာဂျင်တီးနားအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ်ပိုင်းအားနည်းသည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ပွဲချိန် ၃၅ မိနစ်တွင် အာဂျင်တီးနားအသင်းမှ ခံစစ်ကစားသမား မာတီနက်ဇ်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။

ပွဲချိန် ၆၂ မိနစ်တွင် အီကွေဒေါအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး အသင်းအဓိက တိုက်စစ်ကစားသမား အင်နာဗလင်စီယာ သွင်းယူခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။ ထပ်ဆောင်း အချိန်ပိုငါးမိနစ်တွင် အီကွေဒေါအသင်းအတွက် သရေကျစေမည့်သွင်းဂိုးကို ရိုဒရီဂွက်ဇ်က သွင်းယူပေးခဲ့ပြီး တစ်ဖက်တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရခြင်း ဖြစ်သည်။ **အောင်ဇော်**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ နေခြည်လမ်း၊ မြေကွက်အမှတ်(၇၀/၇၁)၊ ဦးပိုင်အမှတ် (၁၇-င)၊ ဂရန်အမှတ်(၅၇)၊ ဧရိယာ(၀.၁၇၆) ဧကရှိ မြေကွက်နှင့် မြေကွက်အမှတ်(၇၁/၉၉)၊ ဦးပိုင်အမှတ်(၁၇-ခ)၊ ဂရန်အမှတ်(၅၈)၊ ဧရိယာ(၀.၁၈၂)ဧကရှိ ပိုင်ဆိုင်သူ ဒေါ်နန်းကြာပွင့်(၁၃/တကန(နိုင်)၂၁၄၀၃၇)ထံမှ ဦးကျန်တားဝေ(၁၃/လရန(နိုင်)၁၇၂၂၆၈)က နှစ်ဦးသဘာတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် စရန်တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျန်တားဝေ ဖုန်း-၀၉-၇၈၀၀၃၈၈၆၆**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက(သနွှေပင်)ကျောင်း Grade-10(A)မှ (ဘ) ဦးကျော်သက်နိုင် ၁၄/ပသန(နိုင်)၁၅၃၇၁၄ ၏ သမီးဖြစ်သူ မအေးသဥ္ဇာကျော် အား နန်းအေးသဥ္ဇာကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**နန်းအေးသဥ္ဇာကျော်**

## ပတ်စ်ပို့ပျောက်

နန့်နိုင်ဇင်ဝင့် ၁၄/မမန(နိုင်)၁၉၀၈၀၇၏ ပတ်စ်ပို့နံပါတ် MF-727558 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၆၂၃၁၈၂၂**

## မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ ဇီးပင်လှကျေးရွာအုပ်စု၊ ကျောက်တက်ကုန်းကျေးရွာနေ (ဘ)ဦးသန်းဇော်၏ သားဖြစ်သူ မောင်ခန့်ချိုင်းဝေ ၇/ပတတ(နိုင်)၁၆၇၈၂၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၉-၂၀၀၅ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက-သဲကုန်းကျောင်း Grade-9 မှ မဆုပြည့်အောင်နှင့် အမက-သဲကုန်းကျောင်း Grade-5 မှ မောင်အောင်ပြည့်စုံတို့၏ မိဘအမည်မှန်မှာ ဦးရာနူန်း ၁၂/လကန(နိုင်)၂၇၉၃၂၃ နှင့် ဒေါ်ပွင့်ဖြူနှင်း ၁၀/ပမန(နိုင်)၁၅၉၀၀၆ တို့ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

တောင်တွင်းကြီးမြို့၊ ဂုံပင်နေ မအေးဝေစိုး ၈/တတက(နိုင်)၂၉၆၂၃၂ ၏ ပတ်စ်ပို့နံပါတ် MG-907486 မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၄)ဝိုင်း၊ ဓမ္မရောင်ခြည်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသည် ဆရာတော်ကြီး ဦးပဏ္ဍဝံသ ပိုင်ဆိုင်သည့် ကျောင်းဖြစ်ပါသည်။ ထိုကျောင်းအား ဆရာတော်ကြီး မရှိသည့်နောက်ပိုင်း ၌ ဆက်လက်သာသနာပြုရန်အတွက် သမီးအကြီးဖြစ်သူ ဒေါ်ဥမ္မာထေရီ(ခ)ဒေါ်အေးအေးမော်(ကျောင်းအမ)နှင့် သားအ ငယ်ဖြစ်သူ ဦးပညာဝံသ(ပဥ္စင်း) တို့မောင်နှမ(၂)ဦးအား ဤကျောင်းနှင့်တကွ မြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်၊ ပိုင်ဆိုင်မှု စာရွက်စာတမ်းများအားလုံးတို့ကို (၁၄-၁၁-၂၀၁၉)ရက်တွင် စာချုပ်ချုပ်ဆို၍ အပြီးအပိုင် လက်ရောက်လွှဲပြောင်း အပ်နှင်းပေးခဲ့ပါသည်။ ကျောင်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပြဿနာ အကြောင်းများဖြစ်ပေါ်လာနိုင်သောကြောင့် သမီးအကြီးဖြစ်သူ ကျောင်းအမအနေဖြင့် စာရွက်စာတမ်းများကို မပျောက်ပျက်အောင် ဂရုစိုက်ထိန်းသိမ်းရန်လည်း ဆရာတော်ကြီး ကိုယ်တိုင်တာဝန်ပေးမှာကြားခဲ့ပါသည်။(၉-၁၂-၂၀၂၀)ရက်တွင် ပျံလွန်တော်မူခဲ့ပါသည်။ သို့ပါ၍ အဆိုပါ အပ်နှင်းထားသည်တို့ကို မောင်နှမ (၂)ဦး စလုံး၏ သဘောတူညီမှု မရှိဘဲ တစ်ဦးတစ်ယောက်တည်းသဘောဆန္ဒဖြင့် ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်ခြင်း၊ ရဟန်းရှင်လူပုဂ္ဂိုလ်တစ်ဦးဦးအား လှူဒါန်းခြင်း၊ စွန့်ကြဲခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ ပေါင်နှံရောင်းချခြင်းတို့ကို မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာထေရီ(ခ)ဒေါ်အေးအေးမော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ၊ စဥ်-၃၈၁၇**
**အမှတ်(၉၄)၊ သမိန်ဗရမ်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၀၀၉၈၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်အမှတ် (ပ-၃၃၇၀၉)၊ အမည်ပေါက် ဒေါ်မာလာသိန်း (ဘ)ဦးမောင်မောင်သိန်း ၁၂/ဗတထ(နိုင်)၀၀၉၇၆၇ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ မြန်မာ့ရွှေဆောင်ဘဏ်လီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၄၇၄၃၇၇၀၆၊ (ဘဏ်၏ကိုယ်စားလက်မှတ်ရေးထိုးဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီတွင်းအစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူ) ဘဏ်ခွဲမန်နေဂျာ ဒေါ်ယဉ်နွယ်လွင်(ဘ)ဦးသန်းလွင် ၁၂/တမန(နိုင်)၀၉၈၅၆၀ မှ ဒေါ်ယဉ် ယဉ်တင့်(ဘ)ဦးကျော်စိုးလင်း ၇/တငန(နိုင်)၁၆၅၀၀၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၄)၊ ဦးပိုင်အမှတ် (၇၅)၊ ဧရိယာ (၀.၁၈၄) ဧကရှိ မြေကွက်သည် ဦးအင်ဂေါင်တူး အမည်ဖြင့်ခရိုင်အမှုတွဲအမှတ်၊ ၂၄၉၆/v ၁၉၈၉-၁၉၉၀ အရ (၃၁-၅-၁၉၉၉) ရက်နေ့မှ (၃၀-၆-၁၉၉၅)ရက်အထိ (၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်မူရင်းမှာနေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားပါသဖြင့် ဂရန်ရှင်ဦးအင်ဂေါင်တူး (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မို့မို့သွယ်)က မြေငှားဂရန်မိတ္တူမှန်အား ထုတ်ယူခွင့်ပြုနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

# ဆိပ်ဖြူမြို့နယ်၌ သဘာဝဘေးအန္တရာယ်သုံး ပစ္စည်းများ စုဖွဲ့ထားရှိမှုစစ်ဆေး

**ဆိပ်ဖြူ ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးသုံးပစ္စည်းများ စုဖွဲ့ထားရှိခြင်းနှင့် ရေယာဉ်များ ကြံ့ခိုင်မှုစစ်ဆေးခြင်းကို ဇူလိုင် ၄ ရက်က စစ်ဆေးသည်။

အဆိုပါလုပ်ငန်းကိုမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ မိုးရာသီကာလတွင် ဖြစ်ပေါ်တတ်သည့် ရေကြီးရေလျှံဖြစ်ခြင်း၊ မြေပြိုမှုအန္တရာယ် ကြုံတင်ကာကွယ်ခြင်း၊ ဘေးအန္တရာယ်တုံ့ပြန် ကူညီဆောင်ရွက်ရေးလုပ်ငန်းများတွင် စွမ်းရည်ပြည့်ဝသော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် သဘာဝဘေးအန္တရာယ်ဆယ်ရေးသုံး ပစ္စည်းများ စုဖွဲ့ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုဖွဲ့(အညာမြေ)**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊
- (ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊
- (ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊
- (ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊
- (င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊
- (စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊
- (ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

- (က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊
- (ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊
- (ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊
- (ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊
- (င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

- (က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊
- (ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊
- (ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊
- (ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊
- (င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊
- (စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊
- (ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊
- (ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊
- (ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊
- (ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊
- (ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊
- (င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။
- (စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊
- (ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊
- (ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊
- (ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### သာကေတမြို့နယ်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁

၁။ ဦးခင်မောင်မြင့် နှင့် ဦးအောင်ညို
၂။ ဒေါ်ခင်စောဖြူ
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆/အရှေ့)ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၉၃၈)နေတရားပြိုင်ဦးအောင်ညို(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

